# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့်နေရသကဲ့သို့**

သူမိုက်နှင့်ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာစိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွနေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 February 2017 (၈၈၄၅)


# သဘာဝဘေးအန္တရာယ်ရန်ပုံငွေများကို ဒေသဖွံ့ဖြိုးရေးအတွက် ထိထိရောက်ရောက်အသုံးပြုရန်လို ရိုးရာလက်မှုလုပ်ငန်းများနှင့် ဒေသတွင်းခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြံဆဆောင်ရွက်



**မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျခဲ့သည့် ရုန်းတောင်အခြေအနေကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဟားခါးမြို့နှင့် ထန်တလန်မြို့ ဒေသဖွံ့ဖြိုးရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျခဲ့သည့် ရုန်းတောင်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရုန်းတောင်ပြိုကျမှုကြောင့် တော်လှန်ရေးကန်နှင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်နေမှုနှင့် ရေရှည်လုံခြုံစိတ်ချနိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**ချင်းပြည်နယ်အား ဦးစားပေးအစီအစဉ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ။ ဒေသခံများအနေဖြင့်လည်း ကိုယ်ထူကိုယ်ထဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လို။**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် လုပ်ငန်းများအတွက် နိုင်ငံတော်က ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းဘဏ္ဍာရန်ပုံငွေများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် အသုံးပြုရန်လိုကြောင်းနှင့် ဒေသခံပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများဖြစ်ရန်လိုကြောင်း ပြောကြားပြီး ရုန်းတောင်မြေဆီလွှာ ကြံ့ခိုင်ရေးအတွက် ရှင်သန်ဖြစ်ထွန်းနိုင်သည့်အပင်များ စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ဟားခါးမြို့ ဇေတဝန်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာအရှင်တေဇောသာရ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဟားခါး နှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်းသို့ ရောက်ရှိကြရာ သိက္ခာတော်ရဆရာတော် ဒေါက်တာ စတီဗင်လျန်ဟုပ်လိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ သိက္ခာတော်ရဆရာတော် ပေါလ်သုမ်ကျဲအိုက နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအတွက် ကောင်းချီးမင်္ဂလာဆုတောင်းပေးပြီး နိုင်ငံတော်သမ္မတက ဟားခါးမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဆရာတော် ၁၀ ပါးအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆


**ပြည်သူ့လွှတ်တော် (၁၁)ရက်မြောက်နေ့တွင် ပညာရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးထားဆွေးနွေး**


ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅


**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မီးသတ်ယာဉ်အစီး ၂၀၀ ကျော် ဝယ်ယူဖြည့်တင်းမည်**


အမျိုးသားလွှတ်တော် စာမျက်နှာ - ၅



KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်





နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဟားခါးမြို့၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ထို့နောက် ဟားခါးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများအား နွေးနွေးထွေးထွေး လိုက်လံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး တိုးချဲ့လူနာဆောင်များ ဆောက်လုပ်နေမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟားခါးမြို့ ဗိုလ်တိုက်ချွန်းခန်းမ၌ ဟားခါးမြို့နယ်လူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ပြောကြားသည်။

တွေ့ဆုံပွဲတွင် ဟားခါးမြို့ မြို့မိမြို့ဖ ဦးရှန်မန်းက ဟားခါး-မတူပီ-ပလက်ဝလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ ဟားခါးမြို့တွင်းလမ်းများကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ ဟားခါးမြို့တွင် အစိုးရသစ်ခွဲစက်နှင့် သစ်အရောင်းဆိုင် ဖွင့်လှစ်ပေးရေး၊ ဟားခါးမြို့အတွက် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရေး၊ ဟားခါးမြို့တွင် နည်းပညာတက္ကသိုလ် ဖွင့်လှစ်ပေးရေး၊ ဟားခါးမြို့ ဆေးရုံကြီးကို ခုတင် (၅၀၀) ဆံ့အဖြစ် အဆင့်မြှင့်တင်ပေးရေးတို့ကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးပြုံးချိုက တွန်းဇံ၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝ မြို့နယ်များနှင့် ရိခေါဒါ၊ လိုင်လင်းပီ၊ ရေဇွာ၊ ဆမီး မြို့များ၏ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာအောင်သူ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင် တို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟားခါးကောလိပ် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိကြပြီး ထန်တလန်ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထန်တလန်မြို့နယ် လူထုနှင့် မြို့နယ်ခန်းမ၌ တွေ့ဆုံရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရမ်ခါက ထန်တလန်မြို့နယ်အတွက် မဟာဓာတ်အားလိုင်းသွယ်တန်းပေးရေး၊ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းကို အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရေး၊ ဌာနပေါင်းစုံ စုပေါင်းရုံးတည်ဆောက်ပေးရေး၊ အစိုးရဌာနနှစ်ခု ဖြည့်စွက်ဖွင့်လှစ်ပေးရေး၊ သောက်သုံးရေရရှိရေးအတွက် ရေလှောင်တမံ တည်ဆောက်ပေးရေး၊ ဟားခါး-ထန်တလန်- ဆာဆီ ချောက်လမ်းနှင့် ဘွေနုမြစ်ကူးတံတား အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး၊ ဟားခါး-ထန်တလန်လမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းပေးနိုင်ရေး၊ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ တည်းခိုရိပ်သာနှင့် အဆင့်မီခန်းမ တည်ဆောက်ပေးရေးတို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှင့်ဇနီး ဒေါ်စုစုလွင် ထန်တလန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတက ချင်းပြည်နယ်ကို ဦးစားပေးအစီအစဉ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံများအနေဖြင့်လည်း ကိုယ်ထူကိုယ်ထဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရိုးရာလက်မှုလုပ်ငန်းများကိုလည်း တီထွင်ကြံဆမှုဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတွင်းခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြံဆဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်က လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် ထူးကဲမိုးရွာသွန်းမှုကြောင့် ရာဇဂြိုဟ်ရေလှောင်တမံအတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေ၊ သဘာဝတောင်ပြိုရေကန်ကျိုးပေါက်မှုမှ ကာကွယ်ရန်အတွက် နုန်းဖမ်းဆည်များတည်ဆောက်ခဲ့မှုအခြေအနေ၊ သဘာဝတောင်ပြိုရေကန်ကျိုးပေါက်မှုကြောင့် နုန်းဖမ်းဆည်များပျက်စီးမှုနှင့် ရာဇဂြိုဟ်ရေလှောင်တမံအတွင်း ရုတ်တရက် ရေအလုံးအရင်းဝင်ရောက်မှုအခြေအနေ၊ ရေယူအဆောက်အအုံရှေ့ နုန်းစုပ်ထုတ်မှုနှင့် သစ်လုံးများ ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောလယ်ယာမြေများ ပြုပြင်ဖော်ထုတ်ခြင်းနှင့် ရေပေးမြောင်း၊ ရေနုတ်မြောင်းများပြုပြင်တူးဖော်ခြင်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရာဇဂြိုဟ်ရေလှောင်တမံ ရေယူအဆောက်အအုံနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေအားလျှပ်စစ်စက်ရုံရှိ နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

**(သတင်းစဉ်)**

■

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ရေယူအဆောက်အအုံကို နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





# အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီး မက်မာစတာအား ခန့်အပ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်သည် ကြည်းတပ်ဒုတိယဗိုလ်ချုပ်ကြီး ဟားဘတ်ရေမွန်မက်မာစတာအား ၎င်း၏ အမျိုးသားလုံခြုံရေးအကြံပေး ပုဂ္ဂိုလ်အဖြစ် ခန့်အပ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်း ထုတ်ပြန်သည်။

အမျိုးသား လုံခြုံရေးအကြံပေး ပုဂ္ဂိုလ် မိုက်ကယ်ဖလင်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ရာထူးမှ နုတ်ထွက်သွားခဲ့ပြီးနောက် သမ္မတ ထရန့်က မက်မာစတာအား အစားထိုး ခန့်အပ်ခြင်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမက်မာစတာ အား အမျိုးသားလုံခြုံရေးအကြံပေး ပုဂ္ဂိုလ်အဖြစ်ခန့်အပ်မှုကို သမ္မတ ထရန့်က ဖလော်ရီဒါပြည်နယ်ရှိ ၎င်း၏ မာရာလာဂိုစံအိမ်တော်၌ ဖေဖော်ဝါရီ ၂၀ ရက်က ထုတ်ပြန် ကြေညာခဲ့သည်။

မက်မာစတာသည် လောလော ဆယ်တွင် ကြည်းတပ်စွမ်းရည် ပေါင်းစပ်ကျင့်သုံးရေး ဌာန၏ ညွှန်ကြားရေးမှူး တာဝန်ယူထားပြီး ၎င်းသည် အရည်အချင်းအထူးပြည့်ဝသူနှင့် အတွေ့အကြုံရင့်ကျက်သူဖြစ်သည်ဟု ထရန့်က ချီးကျူးပြောဆိုသည်။

သမ္မတရာထူးလွှဲပြောင်းပေးအပ်ရေးကာလအတွင်း အမေရိကန်ပြည်ထောင်စုဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် အရေးယူပိတ်ဆို့မှုအကြောင်း ဆွေးနွေးခဲ့ခြင်းနှင့် ပတ်သက်၍ ဒုတိယသမ္မတမိုက်ပန့်စ်အား ထိမ်ချန်ပြောဆိုခဲ့မှုဖြင့် ရာထူးမှ ဖယ်ရှားခံခဲ့ရသူ ဖလင်း၏နေရာတွင် မက်မာစတာက တာဝန်ယူမည်ဖြစ်သည်။

ဖလင်းသည် အမှားလုပ်သူမဟုတ်သော်လည်း ၎င်းမှာ ယုံကြည်စိတ်ချစရာ မကောင်းတော့ဟု သမ္မတ ထရန့်က ပြောကြားခဲ့သည်။

မက်မာစတာသည် တပ်မတော်အတွင်းရှိနေသူများ အားလုံး၏ ရိုသေလေးစားမှုကို အထူးရရှိသူဖြစ်ပြီး ၎င်းအတွက် လေးစားဂုဏ်ယူစရာကောင်းလှကြောင်း သမ္မတထရန့်က ပြောကြားသည်။

မိမိသည် အမျိုးသားလုံခြုံရေးအဖွဲ့နှင့်အတူ အမေရိကန်ပြည်သူတို့၏ အကျိုးစီးပွားများကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် လုပ်ဆောင်သင့်သည့် အရာမှန်သမျှကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မက်မာစတာက ပြောကြားသည်။

အမျိုးသားလုံခြုံရေး အကြံပေး ပုဂ္ဂိုလ်အဖြစ် မက်မာစတာအား ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ကြိုဆိုကြောင်း အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များရေးရာ ကော်မတီဥက္ကဋ္ဌ ဂျွန်မက်ကိန်းက ပြောကြားသည်။ မက်ကိန်းသည် ရီပတ်ဘလီကန်ပါတီမှ ထိပ်တန်းအမတ်တစ်ဦးဖြစ်ပြီး သမ္မတထရန့်အား ယခင်က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူဖြစ်သည်။

**ပီတီအိုင်။**





# အဇာဘိုင်ဂျန်သမ္မတက ၎င်း၏ ဇနီးကို ဒုတိယသမ္မတအဖြစ် ခန့်အပ်

**ဘာကူ ဖေဖော်ဝါရီ ၂၁**

အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ် အလီယက်ဗ်က ၎င်း၏ဇနီးဖြစ်သူ မီဟရီဘန် အလီယက်ဗ်ကို နိုင်ငံ၏ ဒုတိယသမ္မတ (၁)အဖြစ်ခန့်အပ်သည့် အမိန့်ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း သမ္မတရုံး ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဒုတိယသမ္မတ(၁)ရာထူးနှင့် ဒုတိယသမ္မတရာထူးများကို လွန်ခဲ့သည့် စက်တင်ဘာလတွင် ပြုလုပ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဖန်တီးခဲ့ခြင်းဖြစ်သည်။ ယင်းဆန္ဒခံယူပွဲတွင် သမ္မတသက်တမ်းကိုလည်း ငါးနှစ်မှ ခုနစ်နှစ်သို့ တိုးမြှင့်လိုက်သည်။

ပြင်ဆင်ဖြည့်စွက်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒုတိယသမ္မတရာထူးများကို သမ္မတက ခန့်အပ်ပိုင်ခွင့်နှင့် ဖြုတ်ချပိုင်ခွင့်ရှိမည်ဖြစ်သည်။

အသက်(၅၂)နှစ်ရှိ မီဟရီဘန် အလီယက်ဗ်သည် အဇာဘိုင်ဂျန်တွင် ရိုးရာစာပေနှင့် ဂီတအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခဲ့သည့် စွမ်းဆောင်မှုများကြောင့် ၂၀၀၄ ခုနှစ် ယူနက်စကို သံတမန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

မီဟရီဘန် အလီယက်ဗ်သည် လွှတ်တော်အမတ်တစ်ဦးဖြစ်သကဲ့သို့ အဇာဘိုင်ဂျန်နိုင်ငံ၏ ကျွမ်းဘားအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ်သည်။

**(ဆင်ဟွာ)**

# အိန္ဒိယနိုင်ငံတွင် အာကာသစခန်းယာဉ်တည်ဆောက်ရေး နည်းပညာစွမ်းပကားများရှိနေဟုဆို

**နယူးဒေလီ ဖေဖော်ဝါရီ ၂၁**

အိန္ဒိယနိုင်ငံသည် အာကာသစခန်းယာဉ်တစ်ခုကို တည်ဆောက်ရန် အလားအလာရှိကြောင်း၊ အာကာသစခန်းယာဉ်တည်ဆောက်ရေးမှာ ကာလရှည်ဆောင်ရွက်ရမည့် အစီအစဉ်ဖြစ်သော်လည်း မိမိတို့အနေဖြင့် နည်းပညာအရ စွမ်းပကားများရှိကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို) အကြီးအကဲ အေအက်စ်ကီရန်ကူးမားက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

အာကာသရေးရာမူဝါဒတစ်ရပ်ကို ရေးဆွဲချမှတ်ပြီး ရန်ပုံငွေနှင့်အချိန် အလုံအလောက်ရရှိမည်ဆိုပါက အာကာသစခန်းယာဉ် တည်ဆောက်ရေးစီမံကိန်းမှာ အကောင်အထည်ပေါ်လာမည်ဖြစ်သည်ဆို၏။

ရာဇာရာမန်နာအဆင့်မြင့်နည်းပညာဌာန ထူထောင်သည့်နေ့ နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားတစ်ရပ်ကို အင်ဒိုးမြို့၌ ကျင်းပရာတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာကာသစခန်းယာဉ်တည်ဆောက်ရန် နိုင်ငံတော်က ခွင့်ပြုပေးပြီး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည်ဆိုပါက မိမိတို့ မလုပ်ဆောင်နိုင်သောအကြောင်း မရှိကြောင်း၊ အာကာသစခန်းယာဉ် တည်ဆောက်ရေးစီမံကိန်းကြီးမှာ အနေးနှင့် အမြန်ဆိုသလို ပေါ်ပေါက်လာနိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အာကာသစခန်းယာဉ် တည်ဆောက်ရေး အတွက်သာမက မိမိတို့နိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်ရေး စွမ်းပကား ပိုမိုမြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လည်း မိမိတို့သုံးသပ်လေ့လာနေကြောင်း၊ မိုးလေဝသနှင့်ဆက်သွယ်ရေးဆိုင်ရာ ဂြိုဟ်တုကွန်ရက်များကို တိုးချဲ့တည်ဆောက်သွားရန်လည်း လိုအပ်ကြောင်း ကူးမားက ပြောကြားသည်။

ကမ္ဘာတစ်လွှားတွင် ဂြိုဟ်တုငယ်များ တည်ဆောက်သည့်ကုမ္ပဏီအရေးအတွက် တရိပ်ရိပ် တိုးလာနေသော်လည်း ယင်းကုမ္ပဏီများအနေဖြင့် ဂြိုဟ်တုများကို လွှတ်တင်နိုင်သည့် ဒုံးယာဉ်များနှင့် အခြေခံအဆောက်အအုံတို့မရှိကြောင်း၊ ကုန်ကျစရိတ်သက်သက်သာသာဖြင့် ဂြိုဟ်တုလွှတ်တင်ပေးနိုင်ရေးအတွက် မိမိတို့ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကူးမားက ပြောကြားသည်။

**ပီတီအိုင်။**

# စစ်အေးခေတ်နောက်ပိုင်း ကမ္ဘာ့လက်နက်ကုန်သွယ်မှုစံချိန်တင်မြင့်တက်

**စတော့ဟုမ်း ဖေဖော်ဝါရီ ၂၁**

လွန်ခဲ့သည့် ငါးနှစ်တာကာလသည် စစ်အေးခေတ်ကာလနောက်ပိုင်းတွင် ကမ္ဘာ့လက်နက်ကုန်သွယ်မှု၌ အမြင့်ဆုံးကာလဖြစ်ကြောင်း ဆွီဒင်သုတေသနအင်စတီကျုတစ်ခုက ပြောကြားသည်။

စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသန အင်စတီကျုက နိုင်ငံတကာလက်နက်ရောင်းဝယ်မှုနှင့် ပတ်သက်သည့် ၎င်း၏ နောက်ဆုံးအစီရင်ခံစာကို တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်ကာလအတွင်း လက်နက်ရောင်းဝယ်မှုပမာဏသည် လွန်ခဲ့သည့် ငါးနှစ်တာကာလနှင့် နှိုင်းယှဉ်ပါက ၈ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများသို့ လက်နက်တင်ပို့မှုသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်တာကာလနှင့် နှိုင်းယှဉ်ကြည့်လျှင် ၈၆ ရာခိုင်နှုန်းမြင့်တက်လာသည်ဟု ဆိုသည်။ အာရှနိုင်ငံများသို့ လက်နက်တင်ပို့မှုသည် ၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်နေချိန်တွင် ဥရောပနှင့် အာဖရိကသို့ လက်နက်တင်ပို့မှုသည် လျော့ကျလျက်ရှိသည်။

စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသန အင်စတီကျုမှ သုတေသီများက အရှေ့ အလယ်ပိုင်းဒေသသို့ လက်နက်တင်ပို့မှု မြင့်တက်ရခြင်းမှာ ပဋိပက္ခများဖြစ်ပွားလျက်ရှိသည့် ဆီးရီးယားနှင့် ယီမင်ကဲ့သို့နိုင်ငံများတွင် အစွန်းရောက် အိုင်အက်စ်အကြမ်းဖက်သမားများကို တိုက်ခိုက်နေရခြင်းကြောင့်ဖြစ်သည်ဟု ယူဆသည်။

တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများကြောင့် တင်းမာမှုများမြင့်တက်ခဲ့ရသည့်အတွက် အာရှနှင့် သမုဒ္ဒရာပိုင်းရှိ ကျွန်းနိုင်ငံများသည် စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများ ပိုမိုဝယ်ယူတင်သွင်းခဲ့ကြသည်ဟု သုတေသီများက မှတ်ချက်ပြုသည်။

လက်နက်တင်ပို့မှုအပိုင်းတွင် အမေရိကန်နိုင်ငံက နံပါတ်တစ်နေရာတွင် ရပ်တည်နေပြီး ကမ္ဘာ့လက်နက်တင်ပို့မှု သုံးပုံတစ်ပုံကို အမေရိကန်က တင်ပို့နေခြင်းဖြစ်သည်။ ရုရှားနိုင်ငံက ဒုတိယနှင့် တရုတ်နိုင်ငံက တတိယနေရာတွင် ရပ်တည်နေကြသည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# မဲလ်ဘုန်းမြို့ရှိ ကုန်တိုက်၏ ကုန်လှောင်ရုံဧရိယာပေါ်သို့ စင်းလုံးငှားလေယာဉ်ပျက်ကျ၊ ငါးဦးသေဆုံး

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၁**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက စင်းလုံးငှားလေယာဉ်တစ်စင်း မြေပြင်မှ ပျံတက်အပြီး အချိန်တိုအတွင်းမှာပင် ကုန်တိုက်တစ်လုံး၏ သိုလှောင်ရုံဧရိယာပေါ်သို့ ပျက်ကျခဲ့ရာ လူငါးဦးသေဆုံးကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မဲလ်ဘုန်းမြို့ အက်ဆန်ဒွန်လေဆိပ်မှ ပျံတက်သွားသော စင်းလုံးငှားလေယာဉ်တစ်စင်းသည် ဂေါက်သီးဝါသနာအိုးခရီးသွားများ လာရောက်လေ့ရှိသည့် ကင်းအိုင်းလင်းအမည်ရှိ ကျွန်းသို့ ဦးတည်ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါကျွန်းသည် တက်စမေးနီးယားကမ်းရိုးတန်းကမ်းလွန်ဒေသတွင် တည်ရှိသည်။

လေဆိပ်မှပျံတက်ပြီး အချိန်တိုအတွင်းတွင် အဆိုပါစင်းလုံးငှားလေယာဉ်သည် ရုတ်တရက်အင်ဂျင်စက်ချွတ်ယွင်းမှုနှင့် ကြုံတွေ့ရသည်ဟု ယူဆရသည်။ အက်ဆန်ဒွန်လေဆိပ်အနီးရှိ ကုန်တိုက်တစ်ခု၏ နောက်ကျောဘက်ရှိ ကုန်လှောင်ရုံဧရိယာပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ကြီးမားသောပေါက်ကွဲမှုကြီးဖြစ်ပွားကာ မီးဘောလုံးကြီးတစ်ခုကို တွေ့မြင်ခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများသည် ဒီအက်ဖ်အို အမည်ရှိ ကုန်တိုက်၏ နောက်ဖေးလေယာဉ်ပျက်ကျရာနေရာသို့ ချက်ချင်းဝင်ရောက်နိုင်ခြင်းမရှိခဲ့ပေ။

လေယာဉ်သည် ပျက်ကျခြင်းမရှိမီ ဘေးဒုက္ခတွေ့နေကြောင်း အချက်ပြထုတ်လွှင့်ခဲ့ကြောင်း ဝိတိုရိယရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။ အဆိုပါ လေယာဉ်နှင့်အတူ အမေရိကန်နိုင်ငံသား လေးဦးနှင့် ဩစတြေးလျလေယာဉ်မှူးတစ်ဦးတို့လိုက်ပါခဲ့ကြသည်။

**ဆင်ဟွာ။**

# ပြည်သူ့လွှတ်တော် ၁၁ ရက်မြောက်နေ့တွင် ပညာရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးထားဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပညာရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အထူးအလေးထား ဆွေးနွေးကြသည်။

ရေဦးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမင်းသိန်း၏ **နွေရာသီ ကျောင်းပိတ်ရက်အချိန်များကို လူငယ်များကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အနုပညာအားကစားတို့ကို အခြေခံသော ပညာရပ်ဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ၏ နွေရာသီကျောင်းပိတ်ရက် အချိန်များကို လူငယ်များကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ ကြက်ခြေနီသင်တန်းများ၊ နွေရာသီအားကစားသင်တန်းများ၊ အခြေခံကဗျာလွတ်အက၊ တယော၊ ပလွေ၊ ဘင်ခရာသင်တန်းနှင့် ပန်းချီသင်တန်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံကွန်ပျူတာသင်တန်းနှင့် ယဉ်ကျေးလိမ္မာ(ဗုဒ္ဓဘာသာ) သင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ခရိုင်အဆင့်၊ မြို့နယ်အဆင့်များအထိ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်တွင် ၂၀၀၆ ခုနှစ်မှစ၍ အခြေခံပညာကျောင်းများတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ ဝူရှူး၊ ပြေးခုန်ပစ်၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို စသည့် အားစကားနည်း(၈)မျိုးကို နှစ်စဉ်မတ်လ ပထမပတ်၌ သင်ကြားပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် သင်တန်းသားဦးရေ ၄၆၈၂ ဦး တက်ရောက်ခဲ့ပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်း၍ အားကစားနည်း (၃၃)မျိုးကို နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် သင်တန်းသားဦးရေ ၅၂၆၂၀ ဦးထိ ပိုမိုတိုးတက်များပြားစွာ တက်ရောက်လာသည်ကို တွေ့ရှိပါရကြောင်း၊ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အခြေခံစိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ အာဟာရပြည့်စုံသော ဟင်းသီးဟင်းရွက် လက်တွေ့စိုက်ပျိုးခြင်း သင်တန်းများကို စီမံချက်များရေးဆွဲ၍ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မြန်မာ့တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ၊ မီးဖိုချောင်သုံးဆေးဘက်ဝင်ပစ္စည်းများအား အသုံးပြု၍ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာအောင် နေထိုင်စားသောက်နည်းစသည့် အသိပညာပေးဆောင်ရွက်မှုများအနေဖြင့် လည်းကောင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပညာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



ရေဦးမဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ်
ဒေါက်တာဦးမင်းသိန်း

ကျွန်းစုမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ **ကျွန်းစုမြို့နယ် ညောင်ဘီးကျေးရွာအုပ်စု (အထက)ကျောင်းအား ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အထက်တန်းစာစစ်ဌာနအဖြစ်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးတွင် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနပေါင်း (၁၄၂)ခု ဖွင့်လှစ်ခွင့်ပြုရန် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခဲ့ပါကြောင်း၊ ယင်းသို့ တင်ပြရာတွင် အဆင့်ဆင့်သော စိစစ်မှုများအရ အဆိုပါ စာစစ်ဌာန (၁၄၂)ခုအနက်မှ မေးခွန်းလွှာများ၊ အဖြေလွှာများအတွက် လုံခြုံမှုရှိရန် လိုအပ်ချက်ရှိနေသော၊ စာစစ်ဌာနအဖြစ် အဆင့်သတ်မှတ်ပေးရန် မပြည့်စုံသော စာစစ်ဌာန (၆၅)ခုရှိပြီး၊ စာစစ်ဌာနအဖြစ် ဖွင့်လှစ်ခွင့်ပြုရန် လုံခြုံမှုရှိကြောင်း ထောက်ခံတင်ပြသည့် စာစစ်ဌာန (၇၇)ခု ရှိပါကြောင်း၊ သို့သော် ယင်း(၇၇)ခုကို ပြန်လည်စိစစ်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ခံချက် မပေးသည့်အတွက် (၃)ကျောင်းကို ပယ်ဖျက်ခဲ့ရပြီး နောက်ဆုံးအတည်ပြုချက်အနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ယခုလာမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနအသစ်များအဖြစ် ဖွင့်လှစ်ခွင့်ပြုရန် (၇၄)ခုဖြစ်ပါကြောင်း၊ ယခု မေးမြန်းသည့် ညောင်ဘီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသည် စိစစ်ချက်အရ လုံခြုံမှုလိုအပ်ချက်ရှိနေသည့် စာစစ်ဌာန (၁၅)ခုစာရင်းတွင် ပါနေသည့်အတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်ခွင့်မရရှိပါကြောင်း၊ စာစစ်ဌာနများသည် တစ်ပြည်လုံးတွင် မည်သည့်စာစစ်ဌာနကဖြစ်စေ၊ လုံခြုံရေးကျိုးပေါက်ခဲ့ပါက တစ်ပြည်လုံးတွင် စာဖြေသူ (၇)သိန်းခန့်ရှိသည့်အတွက် များစွာထိခိုက်နိုင်သောကြောင့် လုံခြုံမှုကို အထူးဂရုပြုရပါကြောင်း၊ ယခုနှစ်အတွက် စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် လာမည့်နှစ်တွင် သတ်မှတ်ချက်ပြည့်စုံစေရန် ကြိုးပမ်းဆောင်ရွက် ညှိနှိုင်းပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းသည် မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်းနှင့် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးငြေမင်းသိန်းတို့၏ ပညာရေးဆိုင်ရာမေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသည့် **ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်း လျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို** လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ဝိုင်းဝန်းဆွေးနွေးကြသည်။

သိန္နီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းက မိမိတို့နိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် ပြည်သူလူထုထံ မိမိတို့ပေးပို့လိုသော သတင်းအချက်အလက်များကို ပေးပို့ရာတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်နေသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ စီးပွားရေးလုပ်ငန်းရှင်ကြီးများအကြားတွင်လည်း

စာမျက်နှာ ၈ ကော်လံ ၁ သို့

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မီးသတ်ယာဉ် အစီး ၂၀၀ ကျော် ဝယ်ယူဖြည့်တင်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် စုစုပေါင်း မီးသတ်ယာဉ် ၆၂ စီးနှင့် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် စုစုပေါင်း မီးသတ်ယာဉ် ၁၄၅ စီး ထပ်မံဝယ်ယူ ဖြည့်တင်းပေးသွားမည်ဖြစ်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအေးမင်းဟန်၏ **“မြန်မာတစ်နိုင်ငံလုံး၌ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရန်အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် မီးလောင်ကျွမ်းသည့်အချိန်တွင် အချိန်မီ မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ယာဉ်များနှင့် မီးသတ်ဝန်ထမ်းများ လုံလုံလောက်လောက် ထပ်မံဖြည့်တင်းထားရန် အစီအစဉ် ရှိ၊ မရှိ”**မေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြေကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူအကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက် တာဝန်(၄)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ခြင်း၊ မီးသတ်ဝန်ထမ်းများ လုံလောက်စွာရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စည်းရုံးခန့်ထားခြင်းများ ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာနှစ်အလိုက် မီးသတ်ယာဉ်များ တိုးချဲ့ဖြည့်တင်းခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ပြည်ထဲရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်
(၁)မှ ဦးအေးမင်းဟန်

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ **“မွန်ပြည်နယ် မုဒုံမြို့ပေါ်ရှိ ရပ်ကွက်ကြီး (၄)ခုဖြစ်သော မြို့မ (၁)ရပ်ကွက်၊ မြို့မ (၂) ရပ်ကွက်၊ မြို့မ(၃) ရပ်ကွက်နှင့် မြို့မ (၄) ရပ်ကွက်တို့အား မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မွန်ပြည်နယ်အစိုးရအနေဖြင့် မုဒုံမြို့ပေါ်ရှိ မြို့မရပ်ကွက် (၄)ရပ်ကွက်ရှိ မြေငှားဂရန် ထုတ်ပေးရန် ကျန်ရှိနေသူများအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် အလေးအနက်ထား စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိအဖြစ် လည်းကောင်း၊ မုဒုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနမှူးကို နယ်နိမိတ် ကြီးကြပ်ရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က အမိန့်ထုတ်ပြန်ခန့်အပ်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် မြို့မြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးနှင့် ပိုင်ဆိုင်မှုအထောက်အထားများ သတ်မှတ်နိုင်ရေးတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မုဒုံမြို့ဧရိယာအတွင်းရှိ လယ်ယာမြေများကို မြို့မြေအဖြစ် အမျိုးအစားပြောင်းလဲရန်၊ အခြားနည်းသုံးစွဲခွင့်လျှောက်ထားခြင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးသည့်အခါ မြေငှားဂရန် ရယူလိုသူများအနေဖြင့် ပိုင်ဆိုင်ကြောင်း အထောက်အထားများဖြင့် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးရုံးသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက မွန်ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် မြို့နယ်နိမိတ်သတ်မှတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးပါက သတ်မှတ်ချက်များနှင့်အညီ မြေပိုင်ဆိုင်မှုကို ဆောင်ရွက်ပြီး မြေငှားဂရန် ရယူလိုသူများအနေဖြင့် ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနတွင် မြေစာရင်းပုံစံ ၁၀၅ နှင့် ပုံစံ ၁၀၆ ရယူ၍ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးသို့ လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ မြေငှားဂရန်များ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **“နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား ရှားပါးစရိတ် (တောင်တန်းစရိတ်) ပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၆/၂၀၁၆) ဖြင့် မြို့ (၉၈) မြို့နှင့် ကျေးရွာအုပ်စု (၂၈၅၆) အုပ်စုတို့အား လူမှုရေးအသင့်အတင့် ခက်ခဲသောဒေသများ၊ လူမှုရေးခက်ခဲသော ဒေသများ၊ လူမှုရေးအခက်ခဲဆုံးဒေသများအဖြစ် ပြင်ဆင်သတ်မှတ်ပေးပြီး ဒေသစရိတ် ခံစားခွင့်ပေးခဲ့ပါကြောင်း၊ အဆိုပါ အမိန့်ကြော်ငြာစာအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လူမှုရေးအခက်ခဲဆုံးဒေသအဆင့် မြို့ (၈)မြို့နှင့် ကျေးရွာအုပ်စု (၁၁၆) အုပ်စုတို့တွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်ထားသော ဒေသစရိတ်နှုန်းထားများကို ခံစားလျက်ရှိပါကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့ (၈)မြို့နှင့် ကျေးရွာအုပ်စု (၁၁၆) အုပ်စုတို့ကို လူမှုရေးအခက်ခဲဆုံးဒေသအဖြစ် သတ်မှတ်၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ်ထားသော ဒေသစရိတ်နှုန်းထားများ ခံစားခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ရှားပါးစရိတ် (တောင်တန်းစရိတ်) ပံ့ပိုးပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **“မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ ကျခတ်ကွင်း၊ ကွင်းအမှတ် (၈၁၃)၊ မြေကွက်အမှတ် (၇၀၃)၊ မြေဧရိယာ ၃၃ ဒသမ ၇၀ ဧကရှိ မြေကွက်ကို ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဘူတာရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် လျာထားသတ်မှတ်ခဲ့သော်လည်း ယခုအချိန်ထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် မြေကွက်လပ်ကြီးအား ကျေးရွာပိုင်တိုက်နယ် အားကစားကွင်းနှင့် မီးသတ်ကားများထားရှိရန် မီးသတ်အဆောက်အအုံ ဆောက်လုပ်ရန်တို့အတွက် ရိုးဂိုးကျေးရွာပိုင် မြေနေရာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးတင်အောင်ထွန်း၏ **“မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ အား မလိုအပ်ဘဲ အမြဲမပြတ် အမိန့်ထုတ်ပြန်နေခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **“သထုံမြို့နယ် မိုးကောင်းကျေးရွာ၌ တရားမဝင် နွားမှောင်ခိုများကိုစွန့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားတင်ပြထားခြင်းအပေါ် မည်သို့အရေးယူ ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း”** မေးခွန်းတို့နှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”**အား လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး အတည်ပြုခဲ့သည်။

**မော်စီ၊ ဝေသူနွယ်၊ မွေးကြူဇင်
(သတင်းစဉ်)**

# အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော်နှင့် အနာဂတ်မြန်မာ

## ဝင်းသိန်း(ဟိုတယ်/ခရီး)

အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းအရှိန်အဟုန်မြှင့်တင်ရန်နှင့် အာဆီယံအသိုက်အဝန်းအား တစ်ခုတည်းသောခရီးသွားဒေသအဖြစ် ဖော်ဆောင်ရန်အတွက် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ မဟာဗျူဟာ ၂၀၁၁-၂၀၁၅ (ASEAN Tourism Strategic Plan 2011-2015)ကို စတင်ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ယခုအသစ်ထပ်မံရေးဆွဲထားသော အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ မဟာဗျူဟာ ၂၀၁၆-၂၀၂၅ (ATSP 2016-2025) တွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး အဓိကအခန်းကဏ္ဍကြီး (၁၀)ရပ်အား အပိုင်း(၂)ပိုင်းခွဲ၍ ထပ်မံရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။

ဎင်းအခန်းကဏ္ဍကြီးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းကို ယှဉ်ပြိုင်မှုဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အဓိကအခန်းကဏ္ဍကြီး (၇)ရပ်ဖြစ်သော အာဆီယံအား တစ်ခုတည်းသောခရီးစဉ်ဒေသအဖြစ်ဈေးကွက်မြှင့်တင်ရေး၊ ဒေသတွင်းခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ အာဆီယံအရည်အသွေးမြှင့်ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေး၊ ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်လာစေရန် ဒေသခံအဖွဲ့အစည်းများပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းများ ခွဲဝေဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးတို့အပြင် ရာသီဥတုပြောင်းလာမှုတို့ကိုပါ လျော့ကျစေမည့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်တည်စေလိုခြင်းဖြင့် ယှဉ်ပြိုင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

အာဆီယံသည် ခရီးသွားလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အာဆီယံအရည်အသွေးမြှင့် ခရီးသွားလုပ်ငန်း (Quality Tourism) မြှင့်တင်ဆောင်ရွက်မှုသည်လည်း အဓိကမျှော်မှန်းချက်အဖြစ်ပါဝင်လျက်ရှိပြီး ဎင်းအရည်အသွေးမြှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စံသတ်မှတ်ချက် (၇) ခု ရေးဆွဲချမှတ် အတည်ပြုခဲ့ပါသည်။ ဎင်းတို့မှာ

(၁) အာဆီယံအစိမ်းရောင်ဟိုတယ်များစံနှုန်း (ASEAN Green Hotel Standard)
(၂) အာဆီယံဒေသခံနေအိမ်တွင် တည်းခိုနေထိုင်မှုစံနှုန်း (ASEAN Home stay Standard)
(၃) အာဆီယံအများပြည်သူသုံးသန့်စင်ခန်းစံနှုန်း (ASEAN Public Toilet Standard)
(၄) အာဆီယံ Spa ဝန်ဆောင်မှုစံနှုန်း (ASEAN Spa Service Standard)
(၅) အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော်စံနှုန်း (ASEAN Clean Tourist City Standard)
(၆) အာဆီယံလူထုအခြေပြုခရီးသွားလုပ်ငန်းစံနှုန်း (ASEAN Community Based Tourism Standard)
(၇) အာဆီယံအစည်းအဝေးပွဲများ၊ ဆွဲဆောင်မှုရှိသောခရီးစဉ်ဒေသများ၊ ကွန်ဖရင့်များနှင့် ပြပွဲများဆိုင်ရာစံနှုန်း (ASEAN MICE Venue Standard) တို့ ဖြစ်ပါသည်။

ဎင်းစံသတ်မှတ်ချက် (၇)ခုအရ အရည်အသွေးပြည့်မီသော ခရီးစဉ်ဒေသများ၊ ဝန်ဆောင်မှုများအတွက် အာဆီယံမှ သတ်မှတ်ကဏ္ဍအလိုက်အကောင်းဆုံးဆုများကို အဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ် အလှည့်ကျကျင်းပလျက်ရှိသော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် (ASEAN Tourism Forum-ATF) တွင် ဆုချီးမြှင့်ပေးလျက်ရှိပါသည်။ ဎင်းတို့မှ အာဆီယံသန့်ရှင်းသော ခရီးသွားမြို့တော်ဆု (ASEAN Clean Tourist City Award) ကို ၂၀၁၈ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်-၂၀၁၈ (ATF-2018) တွင် စတင်၍ဆုချီးမြှင့်ပေးမည်ဖြစ်ပြီး ဎင်းဆုချီးမြှင့်မှုသက်တမ်းမှာ (၃)နှစ် ဖြစ်ပါသည်။

အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများအတွင်း အရည်အသွေးမြှင့်မြို့တော်များ ပေါ်ပေါက်လာစေရန်၊ ခရီးသွားဈေးကွက်များ မြှင့်တက်လာစေရန်၊ ဒေသခံလူထု၏ လူနေမှုအဆင့်အတန်းနှင့် လူမှုဘဝ မြှင့်တင်ပေးရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ရေရှည်တည်တံ့သော မြို့တော်များဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ဒေသတွင်းနိုင်ငံများအကြား ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်စေရန် ယှဉ်ပြိုင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော် ဖန်တီးဖော်ဆောင်ရာတွင် အောက်ဖော်ပြပါကဏ္ဍများအပေါ် အခြေခံ၍ တိုင်းတာစိစစ်ခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။ ဎင်းတို့မှာ ခရီးစဉ်ဒေသတစ်ခု၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာစီမံခန့်ခွဲမှု၊ သန့်ရှင်းသာယာမှု၊ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ သန့်ရှင်းသာယာမှုနှင့် ပတ်သက်၍ အသိပညာများ ဖွံ့ဖြိုးတိုးတက်မှု၊ စိမ်းလမ်းစိုပြည်သော ပတ်ဝန်းကျင်ဖြစ်ပေါ်မှု၊ ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် မြို့ပြလုံခြုံမှုရှိခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် အထောက်အပံ့ပစ္စည်းများ (Facilities)အပေါ် သတ်မှတ်ထားသောစံသတ်မှတ်ချက်များနှင့် ညီညွတ်စေရန် စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော် (ASEAN Clean Tourist City) တည်ထောင်အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍကြီး (၇) ခုအပေါ် စံထားတိုင်းတာစိစစ်ရမည့်အချက် (Criteria) (၁၀၈) ချက်ပါဝင်ပြီး စစ်ဆေးတိုင်းတာမှုအချက် (Indicators) (၂၈) ချက် ပါဝင်ပါသည်။

မြို့တော်သန့်ရှင်းသပ်ရပ်မှုကဏ္ဍတွင် ကမ္ဘာလှည့်ခရီးသွားများနှင့် အများပြည်သူနေထိုင်သွားလာလှုပ်ရှားသောဧရိယာနှင့် အဆောက်အအုံများ သန့်ရှင်းသပ်ရပ်ပြီးစည်းကမ်းတကျရှိခြင်း၊ မြို့တော်တွင်း ခရီးသွားများ သွားလာလည်ပတ်လေ့ရှိသော နေရာများတွင် သန့်ရှင်းသပ်ရပ်သော အများပြည်သူသုံးအဆင့်မြှင့်သန့်စင်ခန်းများတည်ဆောက်ထားခြင်းနှင့် ဎင်းတို့အား ပြုပြင်ထိန်းသိမ်းမှုစနစ်၊ ခရီးသွားများ လည်ပတ်လေ့ရှိသော ပြတိုက်များ၊ ဘုရားကျောင်းကန်များ၊ ပန်းခြံများနှင့်ကမ်းခြေဒေသ အစရှိသောနေရာများ သန့်ရှင်းသပ်ရပ်ရေးနှင့် သန့်ရှင်းရေးပြုလုပ်မှုကြိမ်နှုန်း၊ ပြုပြင်ထိန်းသိမ်းမှု၊ မြို့တွင်းအဓိကသွားလာသည့်လမ်းများနှင့် အခြားမြို့သို့ဆက်သွယ်ထားသာလမ်းများ အဆင့်အတန်းမီ သန့်ရှင်းသပ်ရပ်ရေးတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပေသည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအခန်းကဏ္ဍတွင် အရည်နှင့်အစိုင်အခဲ စွန့်ပစ်ပစ္စည်းဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး မြို့တော်အာဏာပိုင်အဖွဲ့အစည်းမှ နေရာအလိုက် လာရောက်လည်ပတ်သောလူဦးရေ၊ စွန့်ပစ်နိုင်သည့်ပမာဏ၊ စုဆောင်းမှုစနစ်၊ ပြန်လည်အသုံးချနိုင်ရေးစီမံဆောင်ရွက်ထားမှု၊ ပြန်လည်အသုံးချ၍မရတော့သည့်စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဆွေးမြည့်လွယ်သည့် စွန့်ပစ်ပစ္စည်းများအား မြေမြှုပ်ခြင်း စသောစနစ်များအသုံးပြု၍ ဆောင်ရွက်သည့် စီမံကိန်း၊ စနစ်များ ထားရှိကြရမည်ဖြစ်ပါသည်။ ထို့ပြင် ခရီးသွားတို့အား ဝန်ဆောင်မှုပေးသည့် ဟိုတယ်၊ စားသောက်ဆိုင် အစရှိသော ဝန်ဆောင်မှုကဏ္ဍအသီးသီးမှ ထွက်ပေါ်လာမည့်စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရေးနှင့် ထိုသို့ပြန်လည်အသုံးပြုခြင်းသည် ဒေသခံပြည်သူများအကြား အကျိုးဖြစ်ထွန်းစေမည့် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်ကြောင်း သိရှိနားလည်သဘောပေါက်ရန် လိုအပ်ပေသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်းတို့နှင့်ပတ်သက်၍ ဒေသခံများ၊ ခရီးသွားများနှင့် လုပ်ငန်းရှင်များ သိရှိနားလည်သဘောပေါက်စေရန်နှင့် ပူးပေါင်းပါဝင်လာစေရန် အသိပညာများဖြန့်ဝေပေးခြင်းတို့ကို ဒေသအာဏာပိုင်တို့မှ ကြပ်မတ်၍ အသိပညာပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များနှင့် ကမ္ဘာလှည့်ခရီးသွားများအား မြို့တော်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် သန့်ရှင်းသပ်ရပ်မှုဆိုင်ရာအသိပညာများ တိုးတက်စေရန် ပညာပေးပွဲများကျင်းပခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပိုစတာများစိုက်ထူခြင်း၊ လက်တွေ့ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လှုံ့ဆော်မှုများဖြင့်လည်း အသိပညာပေးလှုံ့ဆော်ပေးရမည် ဖြစ်ပါသည်။

ထို့ပြင် မြို့တော်၏ အများပြည်သူသွားလာလည်ပတ်လေ့ရှိသောနေရာများကို စိမ်းလန်းစိုပြည်စေရေး သစ်ပင်၊ ပန်းပင်၊ အရိပ်ရပင် စသည်ဖြင့် သာယာလှပအောင်ဖန်တီးပြီး ဒေသခံပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများပါ အပန်းဖြေအနားယူနိုင်ရေး စီမံဆောင်ရွက်ထားရမည်ဖြစ်ပါသည်။ အပန်းဖြေနေရာများတွင် လှပပြီး စွမ်းအင်ချွေတာသော ရောင်စုံမီးလုံးများတပ်ဆင်ခြင်း၊ စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်တည်ဆောက်ခြင်း၊ သဘာဝမြေသြဇာကိုသာ သုံးစွဲစိုက်ပျိုးခြင်းတို့ လုပ်ဆောင်ကြရန်နှင့် ပြုပြင်ထိန်းသိမ်းမှုကိုလည်း စနစ်တကျ အချိန်မှန်မှန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ASEAN Clean Tourist City Standard

နောက်အခန်းကဏ္ဍတစ်ခုမှာ ခရီးသွားများအတွက်သာမက ဒေသခံပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သော လုံခြုံမှုနှင့်အန္တရာယ်ကင်းရှင်းရေး(Safety and Security)ပင်ဖြစ်ပါသည်။ လုံခြုံမှုဆိုရာတွင် ကျန်းမာရေးလုံခြုံမှု၊ မြို့ပြလုံခြုံမှုနှင့် အန္တရာယ်ကင်းရှင်းရေးတို့ အပါအဝင်ဖြစ်ပါသည်။ လုံခြုံမှုနှင့် အန္တရာယ်ကင်းရှင်းရေးသည် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ၏ အဓိကတာဝန်တစ်ရပ်ဖြစ်ပြီး ခရီးသွားများနှင့်အတူ ဒေသခံပြည်သူများ နေထိုင်သွားလာမှုတွင် အမှန်တကယ်လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ကျန်းမာရေးလုံခြုံမှုဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ဆောင်မှုပေးသောနေရာများ၏ အရည်အသွေး၊ ဖွင့်လှစ်ထားရှိမှုအရေအတွက်သည်လည်း အဓိကကျပေသည်။ ထို့ပြင် ကျန်းမာရေးဌာနအနေဖြင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စားသောက်ဆိုင်များနှင့် ဟိုတယ်များမှ အစားအသောက်များ၊ ဒေသထွက်စားသောက်ကုန်များအား သတ်မှတ်စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရေး၊ ပိုးမွှားနှင့်အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဓာတ်ပါဝင်မှုမရှိစေရေးတို့ကို စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

လုံခြုံမှုနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှုတွင် ခရီးစဉ်ဒေသ၊ ခရီးသွားရောက်ရှိမှုအခြေအနေတို့အပေါ် မူတည်၍ ခရီးသွားများအတွက် လုံခြုံရေး (Tourist Police) အရေအတွက် လုံလောက်မှုရှိအောင် ထားရှိခြင်းနှင့် ဎင်းတို့အား ခရီးသွားများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အား လေ့ကျင့်ပေးထားရန်တို့ဖြစ်ပါသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းတွင် ဝန်ဆောင်မှုပေးနေသောသူများဖြစ်သည့် ဧည့်လမ်းညွှန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်၊ စားသောက်ဆိုင် စသည်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးပါသောအကြောင်းအရင်းများဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဖြစ်ပေါ်လာမည့် မူးယစ်ဆေးအန္တရာယ်၊ ကလေးသူငယ်များခရီးသွားလုပ်ငန်းတွင် လွဲမှားစွာအသုံးပြုသောလုပ်ငန်းများ၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသောအကြောင်းအရာများ စသည့် ရာဇဝတ်မှုများမဖြစ်ပေါ်စေရေးနှင့် စည်းမျဉ်း စည်းကမ်းများကိုလည်း ခရီးသွားများနှင့် ဒေသခံများပါ လေးစားလိုက်နာရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုစည်းမျဉ်း စည်းကမ်းများကိုလည်း ခရီးသွားများနှင့်အများပြည်သူတို့ သိရှိနားလည်ထားစေရန် အသိပညာပေးဆောင်ရွက်ထားရမည်ဖြစ်ပါသည်။ ထို့အပြင် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုမဟာဗျူဟာကိုရေးဆွဲ၍ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြို့တစ်မြို့၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိန်းညှိမှုကိုဖော်ညွှန်းသည့် စီမံကိန်းများ၊ မဟာဗျူဟာများ ရေးဆွဲထားခြင်းဖြင့် ခရီးသွားလုပ်ငန်းအတွက် သီးသန့်စီမံကိန်းရေးဆွဲဆောင်ရွက်ခြင်းသည်လည်း အဓိကကျသောအချက်တစ်ချက်ပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်လာသော ခရီးသွားလုပ်ငန်းအပေါ်မူတည်၍ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်၊ ခရီးသွားများအတွက် သယ်ယူပို့ဆောင်ရေးအစီအစဉ်နှင့် ခရီးသွားအမျိုးအစားများ ခွဲခြားသတ်မှတ်ခြင်းအစီအစဉ်တို့ဖြင့် ခရီးသွားလုပ်ငန်းနေရာများအတွက် ဇုန်များသတ်မှတ်ခြင်းနှင့် မြေအသုံးချမှုအစီအစဉ်(Land-use Policy)များလည်း ရေးဆွဲထားရမည် ဖြစ်ပေသည်။

ခရီးသွားများ သွားလာမှုလွယ်ကူစေရေး အမှန်တကယ်အထောက်အကူဖြစ်စေမည့် ခရီးသွားသတင်းအချက်အလက်များ၊ စုံစမ်းရေးကောင်တာများ၊ ခရီးသွားလမ်းညွှန်မြေပုံများ၊ လိုက်နာရမည့်အချက်များ စသည်တို့ကိုလည်း ပုံနှိပ်ထုတ်ဝေဖြန့်ချိထားရမည် ဖြစ်ပါသည်။ မြို့၏အချက်အချာကျသော နေရာနှင့် ခရီးစဉ်ဒေသတို့အနီးတွင် အရည်အသွေးနှင့် ဈေးနှုန်းမျှတသည့် အမှတ်တရပစ္စည်းအရောင်းဆိုင်များထားရှိခြင်း၊ ခရီးသွားဧရိယာ၊ ပန်းခြံ၊ အားကစားကွင်း၊ အပန်းဖြေဥယျာဉ် စသည့်အပန်းဖြေနေရာများ ဖော်ဆောင်ထားရှိရမည်ဖြစ်ပါသည်။

**အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများအတွင်း အရည်အသွေးမြှင့်မြို့တော်များ ပေါ်ပေါက်လာစေရန်၊ ခရီးသွားဈေးကွက်များ မြှင့်တက်လာစေရန်၊ ဒေသခံလူထု၏ လူနေမှုအဆင့်အတန်းနှင့် လူမှုဘဝမြှင့်တင်ပေးရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ရေရှည်တည်တံ့သောမြို့တော်များဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး ဒေသတွင်းနိုင်ငံများအကြား ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်စေရန် ယှဉ်ပြိုင်ဆောင်ရွက်ခြင်းဖြစ်။**

စာမျက်နှာ ၇ သို့ ✪

# ထိုးဆေးထုတ်လုပ်မှုအဆောက်အအုံနှင့် Cephalosporin ပဋိဇီဝဆေးဝါးထုတ်လုပ်မှုအဆောက်အအုံဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းဆေးဝါးစက်ရုံ(အင်းစိန်)၏ ထိုးဆေးထုတ်လုပ်မှုအဆောက်အအုံနှင့် Cephalosporin ပဋိဇီဝဆေးဝါးထုတ်လုပ်မှု အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲက ဆေးဝါးစက်ရုံ(အင်းစိန်)၏ New BPI စီမံကိန်းနေရာ၌ကျင်းပရာ အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဘရာဇီးလ်နိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စက်မှုဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သော ဆေးဝါးများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထိုးဆေးထုတ်လုပ်မှု အဆောက်အအုံသစ် ကမ္ပည်းမှတ်တမ်းဆိုင်းဘုတ်အား ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ထိုးဆေးထုတ်လုပ် အဆောက်အအုံသစ်အတွင်း ခေတ်မီထိုးဆေးများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။



ယင်းနောက် Cephalosporin အဆောက်အအုံသစ် ကမ္ပည်းမှတ်တမ်းဆိုင်းဘုတ်အား ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပဋိဇီဝဆေးဝါးအမည်သစ်များ ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ဤကဲ့သို့ ထိုးဆေးထုတ်လုပ်မှုအဆောက်အအုံနှင့် Cephalosporin ပဋိဇီဝဆေးဝါးထုတ်လုပ်မှု အဆောက်အအုံသစ်များအား ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတကာ ဆေးဝါးစက်ရုံများအတိုင်း GMP Guideline နှင့်အညီ ခေတ်မီဆေးဝါးအမည်သစ်များ နှစ်ဆတိုးထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ ယခုအသစ်ဖွင့်လှစ်လိုက်သည့် Small Volume Parenteral Plant မှ တစ်နှစ်လျှင် ထိုးဆေးသန်း ၂၀ နှင့် Cephalosporin Plant မှ ပဋိဇီဝဆေး ငါးသန်းကို အသီးသီးတိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ပေးရန်ရည်ရွယ်၍ New BPI စီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ စီမံကိန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ကျန်ရှိနေသေးသည့် ဆေးပြားထုတ်လုပ်မှု အဆောက်အအုံကိုလည်း ၂၀၁၇ ခုနှစ် မေလတွင် ဖွင့်လှစ်သွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဆေးပြား၊ ဆေးမှုန့်၊ ဆေးရည်၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်နှင့် ကာကွယ်ကုသဆေးနှင့် အဆိပ်ဖြေဆေးများ၊ စုစုပေါင်းဆေးအမျိုးအစား ၁၈၀ ကို ထုတ်လုပ်ပေးလျက်ရှိပြီး ဆေးဝါးထုတ်လုပ်မှု စီမံကိန်းများကိုလည်း နှစ်စဉ်တိုးမြှင့်လျာထားဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက်ရှိ SME Incubation Business Center သို့ရောက်ရှိစဉ် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းပို့ချမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးသည်။ ၎င်းနောက် (၇)ရပ်ကွက် သလ္လာဝတီလမ်းရှိ SME လုပ်ငန်းတစ်ခုဖြစ်သည့် နဝရတ်ပလတ်စတစ်တံဆိပ်ရိုက်လုပ်ငန်းသို့ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ဓါတ်ပုံ)**

**(သတင်းစဉ်)**

❒

# စီးကရက်နှင့် အရက်တို့၏ အခွန်ကောက်ခံမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောက်ခံရရှိနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အခွန်နှုန်းများ၊ အခွန်ကျသင့်မှုများ တိုးမြှင့်ခြင်းနှင့်အတူ အခွန်လွတ်ကင်းမှုမရှိရန် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချစေခြင်း၊ ထုတ်လုပ်မှုကိုတိုင်းတာနိုင်သော စီးဆင်းမှုမီတာ (Flow Meter) တပ်ဆင်ပြီး စိစစ်ကြပ်မတ်လျက်ရှိ၍ တစ်နှစ်ထက်တစ်နှစ် အခွန်တိုးတက်ကောက်ခံရရှိနေပါကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၏ စီးကရက်နှင့် အရက်တို့၏ အခွန်နှုန်းနှင့်ပတ်သက်ပြီး နိုင်ငံတကာလေ့လာတင်ပြချက်များနှင့်အတူ တိုးမြှင့်သတ်မှတ်ခြင်းဖြင့် သောက်သုံးသူလျော့ပါးရေး ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့မှုအပေါ် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းစဉ် အထက်ပါအတိုင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဥပဒေကြမ်းပါ တန်ဖိုးများသည် စက်ရုံရောင်းဈေးမဟုတ်ဘဲ ဈေးကွက်ပေါက်ဈေးများဖြစ်ပါကြောင်း၊ လက်လီဈေးကွက်တွင် ငွေကျပ် ၃၅၀ နှင့်ရောင်းချနေသော စီးကရက်တစ်ဘူးသည် စက်ရုံတွင် ထုတ်လုပ်သည့်အဆင့်မှ လက်လီ လက်ကားဖြန့်ဖြူးသူနှင့် သောက်သုံးသူ လက်ဝယ်အဆင့်ထိ အဆင့်ဆင့်ဖြန့်ဖြူးရာတွင် စီမံအုပ်ချုပ်စရိတ်များသည် ပျမ်းမျှ ၃၀ ရာခိုင်နှုန်းကုန်ကျမည်ဖြစ်၍ မူလစက်ရုံထုတ်ဈေးနှုန်းသည် ပျမ်းမျှတန်ဖိုးငွေကျပ် ၁၄၀ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ ဈေးကွက်ပေါက်ဈေးမှာ ငွေကျပ် ၃၅၀ နှင့် အခွန်ကို အချိုးချကြည့်ပါက ၂၃ ရာခိုင်နှုန်းခန့်ဖြစ်သော်လည်း စက်ရုံထုတ်ဈေးနှင့် ပြန်လည်အချိုးချကြည့်ပါက ၆၀ ရာခိုင်နှုန်းခန့် ရှိပါကြောင်း။

အခွန်နှုန်းတိုးမြှင့်လိုက်တိုင်း အထူးကုန်စည်(ဆေးလိပ်နှင့် အရက်များ)ဈေးနှုန်းကြီးမြင့်သွားသည့်အတွက် သောက်သုံးမှုကို လျော့နည်းသွားရန် ဆောင်ရွက်သကဲ့သို့ အဆိုပါ ကုန်စည်များကို အမှန်တကယ်စွဲလမ်းသုံးစွဲသူများ အနေဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ သုံးစွဲနေမည်ဖြစ်၍ အထူးကုန်စည် ဈေးနှုန်းကြီးမြင့်မှုကြောင့် အရည်အသွေး၊ အမျိုးအစား စံချိန်စံညွှန်းမမီသော အရက်နှင့် စီးကရက်များကို သုံးစွဲလာနိုင်ပါကြောင်း၊ ထိုသို့ သုံးစွဲလာသည့်အတွက် ကျန်းမာရေးအရ ဆိုးကျိုးများ ဖြစ်ပေါ်နိုင်ခြင်း၊ ပြည်တွင်းထုတ်ကုန်များ ဈေးနှုန်းမြင့်မားလာခြင်းတို့ကြောင့် တရားမဝင်တင်သွင်းလာသည့် အထူးကုန်စည်များ(ဆေးလိပ်နှင့် အရက်များ) ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်နှုန်းများ သတ်မှတ်ရာတွင် သင့်တင့်မျှတသောအခွန်နှုန်းများဖြစ်ပေါ်စေရန် လက်တွေ့ပကတိအခြေအနေနှင့်ကိုက်ညီရန် ဆောင်ရွက်ထားရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အရက်ထုတ်လုပ်ရောင်းချမှုအပေါ် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၁၃ ဒသမ ၅၈၇ ဘီလီယံ၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၆၉ ဒသမ ၇၁၅ ဘီလီယံ၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ ကုန်သွယ်လုပ်ငန်းခွန်အပြင် အထူးကုန်စည်ခွန်ကိုပါ ကောက်ခံခဲ့သည့်အတွက် အခွန်နှစ်ရပ်ပေါင်းရငွေသည် ငွေကျပ် ၆၃ ဒသမ ၂၉၅ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

စီးကရက်ထုတ်လုပ်ရောင်းချမှုအပေါ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၈ ဒသမ ၁၈၅ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၁၅ ဒသမ ၅၇၂ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ ကုန်သွယ်လုပ်ငန်းခွန်အပြင် အထူးကုန်စည်ခွန်ကိုပါ ကောက်ခံခဲ့သည့်အတွက် အခွန်နှစ်ရပ်ပေါင်းရငွေသည် ငွေကျပ် ၄၄ ဒသမ ၄၇၆ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အရက်၊ စီးကရက်၊ ဘီယာ၊ ဝိုင် အစရှိသည့် ကုန်စည်များအပေါ် အထူးကုန်စည်ခွန်အဖြစ် ပြောင်းလဲကောက်ခံရာတွင် ရောင်းရငွေအပေါ် အခွန်ကျသင့်စေခြင်း မဟုတ်ဘဲ ဈေးကွက်ပေါက်ဈေးအပေါ်အခြေခံ၍ ကောက်ခံခြင်းဖြစ်သဖြင့် ထုတ်လုပ်သူများက အခွန်ရှောင်လွှဲနိုင်သော နည်းလမ်းကို အသုံးပြုခြင်းမှ ကာကွယ်နိုင်သည့်အပြင် ပေးဆောင်ရမည့် အခွန်ပမာဏကို ကြိုတင်သတ်မှတ်အသိပေးကောက်ခံခြင်းကြောင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ပါကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

**သူရဇော်(သတင်းစဉ်)**

❑

❂ **စာမျက်နှာ ၆ မှ**

ခရီးစဉ်ဒေသ၏ သန့်ရှင်းသပ်ရပ်မှု၊ ယဉ်ကျေးပျူငှာမှု၊ လုံခြုံမှု၊ နွေးထွေးစွာလက်ခံမှုနှင့် သဘာဝပတ်ဝန်းကျင် စသည်တို့အပေါ် ခရီးသွားများ၏စိတ်ကျေနပ်ပျော်ရွှင်မှုတို့အား လေ့လာရမည်ဖြစ်ပါသည်။ ထိုအချက်အပေါ် ပုံမှန်စစ်တမ်းများကောက်ယူခြင်း၊ အကျိုးအကြောင်း ခွဲခြားစိစစ်ခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အာဆီယံစံနှုန်းနှင့်အညီ အဆင့်အတန်းမြင့်ခရီးသွားမြို့တော်ဖော်ဆောင်ရာတွင် လိုအပ်ချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အခြေအနေများ၊ ကြုံတွေ့ရမည့်အခက်အခဲများ၊ ပြုပြင်ပြောင်းလဲရမည့်အချက်များ များစွာရှိနိုင်ပေမည်ဖြစ်ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အပေါ် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကမ္ဘာလှည့်ခရီးသွားများ စသည်ဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မိမိနှင့်သက်ဆိုင်သော အခန်းကဏ္ဍတစ်လျှောက် တာဝန်ယူဆောင်ရွက်ခြင်းနှင့် အောင်မြင်မှုကို ဖန်တီးရယူရမည်ဖြစ်ပေသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော်ဆု (ASEAN Clean Tourists City Award)အတွက် မြို့တော်များ၏ ခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းအပါအဝင် အာဆီယံမှအတည်ပြုရေးဆွဲထားသည့် စံနှုန်းများနှင့်ပတ်သက်၍ ဒေသခံများ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ သိရှိနားလည် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံစံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။ ထိုသို့ အသိပညာပေးဆွေးနွေးပွဲများကျင်းပရာတွင် မြန်မာနိုင်ငံ၏ ထင်ရှားပြီး ဆွဲဆောင်မှုကောင်းသော၊ ကမ္ဘာလှည့်ခရီးသွားများစွာ လာရောက်လည်ပတ်သောဒေသများ၊ အကောင်အထည်ဖော်မှုအတွက် အလားအလာကောင်းသောဒေသများတွင် နှစ်စဉ်ရွေးချယ်ကျင်းပလျက်ရှိပါသည်။ ၎င်းအသိပညာပေးဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကလောမြို့၌ တက်ရောက်သူ ၂၀၀ ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၉ ရက်တွင် မော်လမြိုင်မြို့၌ ၁၄၇ ဦး ဖြင့်လည်းကောင်း၊ မတ် ၇ ရက်တွင် ငွေဆောင်မြို့၌ ၁၂၅ ဦးဖြင့်လည်းကောင်း ကျင်းပခဲ့ပါသည်။ ယခုနှစ်တွင် ဇန်နဝါရီ ၃၀ ရက်တွင်လည်း မန္တလေးမြို့၌ တက်ရောက်သူ ၁၁၅ ဦးဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် ပြင်ဦးလွင်မြို့၌ ၁၅၅ ဦးဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၃ ရက် တွင် ပုဂံမြို့၌ တက်ရောက်သူ ၇၀ ဖြင့်လည်းကောင်း ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်မှုရှိသော သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့်တိုင်းဒေသကြီးတို့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ယဉ်ကျေးမှု/ရှေးဟောင်းသုတေသနဌာန၊ သစ်တောဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ခရီးသွားရဲတပ်ဖွဲ့၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပါသည်။

ထို့ပြင် သန့်ရှင်းသောခရီးသွားမြို့တော်(CTC)ဖော်ဆောင်မှုတွင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန် ၂၀၀၂ ခုနှစ် အာဆီယံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုမြို့တော် (2nd ASEAN Environmental Sustainable City Award 2002) အဖြစ် ရွေးချယ်ခြင်းခံထားရသော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အား ဖော်ပြပေးချင်ပါသည်။ ၎င်းမြို့သည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းသာယာခြင်း၊ ရာသီဥတုမျှတခြင်း၊ ရေမြေတောတောင်ကြွယ်ဝခြင်း၊ သန့်ရှင်းသပ်ရပ်သောမြို့တော်တစ်ခု အဖြစ် ရှုမြင်ရပါသည်။

အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော်စံနှုန်း (ACTCS) အပါအဝင် အာဆီယံ၏ အရည်အသွေးမြင့်ခရီးသွားလုပ်ငန်းစံနှုန်း (Quality Tourism Standard) (၇) ခုအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက် (www. myanmartourism.org) တွင် အသေးစိတ်ရယူလေ့လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ အာဆီယံ၏တစ်ခုတည်းသောခရီးစဉ်ဒေသအဖြစ် အဖွဲ့ဝင်နိုင်ငံများမှ အတူတကွပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသော အာဆီယံ အရည်အသွေးမြင့်ခရီးသွားလုပ်ငန်း၏ ကဏ္ဍတစ်ခုဖြစ်သည့် အာဆီယံ သန့်ရှင်းသောခရီးသွားမြို့တော်(ACTC)ဖော်ဆောင်မှုတွင် အစိုးရနှင့် ပုဂ္ဂလိက အားလုံးပါဝင်ဆောင်ရွက်ကြပြီး ၂၀၁၈ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၈ (ATF-2018)တွင် ပေးအပ်ချီးမြှင့်မည့် အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော်ဆု (ASEAN Clean Tourist City Award)ကို ရယူပိုင်ဆိုင်နိုင်ရေး လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ပြီး အမိမြန်မာနိုင်ငံ၏ အရည်အသွေးပြည့်မီသော အနာဂတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။ ။

❒ စာမျက်နှာ ၅ မှ

သတင်းဖြန့်ချိရေးလုပ်နိုင်သူများက ရှေ့ရောက်သွားပြီး မလုပ်နိုင်သူများက ကျန်ရစ်ခဲ့ရပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်သူလူထုများထံသို့ ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့သော ပညာပေးအစီအစဉ်များတွင် ပေးပို့လိုသောသတင်းအချက်အလက်များကို ပေးပို့ဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ယင်းအချက်များကို ပြန်လည်ဆန်းစစ်ကြည့်ပါက ပြည်သူလူထုနှင့် အဓိကဆွေးနွေးရာတွင် အောင်မြင်လိုသည့်အချက်များကို လုံလောက်သည့်ဘတ်ဂျက်ရှိရန် ပညာပေးတင်ဆက်မှု နည်းပညာများဖြစ်ပါကြောင်း၊ တင်ဆက်မှုနည်းပညာများတွင် သတင်းအချက်အလက်၊ ရှင်းလင်းတင်ပြပုံ၊ ပညာပေးခြင်း၊ ဆွဲဆောင်မှု၊ စည်းရုံးမှု၊ လူထု၏တုံ့ပြန်မှုအပေါ် မူတည်နေပါကြောင်း၊ စနစ်တကျပညာပေးအစီအစဉ်များ ဖြစ်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်က ပြည့်ပြည့်ဝဝပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဆိုပါက ပြည်သူလူထုထံ ပညာပေးအစီအစဉ်များသည် ပိုမိုထိရောက်စွာ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် အဆိုရှင်၏အဆိုကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်းက ပြည်သူလူထုအခြေခံလိုအပ်ချက်ဖြစ်သည့် သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်း၊ တံတားစသည့် ကဏ္ဍများတွင် ဖြည့်ဆည်းပေးနိုင်ရန် တိုင်းပြည်၏ဘဏ္ဍာငွေ မြောက်မြားစွာ ကျခံသုံးစွဲနေရသကဲ့သို့ လိုအပ်နေသည့် နေရာများ၌ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ မလိုအပ်သည့်လေလွင့်ဆုံးရှုံးမှုများကို လွှတ်တော်တွင်သာမက အစိုးရကပါ စနစ်တကျ စိစစ်သုံးစွဲနေရသည့် ကာလလည်းဖြစ်ပါကြောင်း၊ ယနေ့မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများအထိ လျင်မြန်စွာ ပျံ့နှံ့လာသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို ထိရောက်စွာ ဖမ်းဆီးအရေးယူပေးနိုင်ရန်အတွက် ပြည်သူလူထုကို ယခုထက်ပိုမိုပြီး ပညာပေးအစီအစဉ်များကို တိုးချဲ့လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ယနေ့ခေတ်လူငယ်ထုကြားတွင် အသုံးပြုမှုများလာသည့် လူမှုကွန်ရက်များမှတစ်ဆင့် ပညာပေးဆောင်းပါးများ၊ ဇာတ်လမ်းများကို အဆက်မပြတ်တင်ပေးသင့်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်ပြီး ပေါ်ပေါက်လာနိုင်သည့် ဆိုးကျိုးနှင့်ရာဇဝတ်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှုအစီအစဉ်များကို လူငယ်အများစုရှိသည့် တက္ကသိုလ်နှင့်အခြေခံပညာကျောင်းများတွင် ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေများစွာအသုံးပြု၍ ယခုထက်ပိုပြီး ပညာပေးဆောင်ရွက်သင့်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်များကို မူးယစ်ဆေးဝါး၏ သားကောင်များ မဖြစ်စေရန်၊ နိုင်ငံ၏လူသားအရင်းအမြစ်များ မဆုံးရှုံးစေရန် နိုင်ငံတော်အစိုးရအနေဖြင့် လုပ်သင့်လုပ်ထိုက်သည့်အရာများကို တိုးချဲ့လုပ်ဆောင်နိုင်ရန် အကြံပြုတင်ပြခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုအပေါ် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်နှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့ကလည်း ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝန်ကြီးဌာနအသီးသီးသည် အများပြည်သူကို အသိပညာပေးရန် လိုအပ်သည့်ကိစ္စများအတွက် ပညာပေးသည့်အစီအစဉ်များကို ချမှတ် ဆောင်ရွက်လျက်ရှိရာတွင် အသိပညာပေးအစီအစဉ်ဟူသည့် ခေါင်းစဉ်အောက်တွင် ဘတ်ဂျက်လျာထားဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာပေးဟူသည့် ခြုံငုံခေါင်းစဉ်မတပ်သော်လည်း ပညာပေးစရာ အကြောင်းအရာတစ်ခုချင်းအလိုက် တစ်ခုချင်းစီအတွက် ရန်ပုံငွေလျာထားသုံးစွဲနေသည်လည်းရှိပါကြောင်း၊ ယင်းအချက်နှင့်ပတ်သက်ပြီး မိမိတို့ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တင်ပြလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် ပညာပေးဟူသည့် ခေါင်းစဉ်ဖြင့် ဘတ်ဂျက်လျာထားမှု မရှိပါကြောင်း၊ သို့သော် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်မှာ ပြန်ကြားပေးရန်(သို့ )သတင်းအချက်အလက်ပေးရန်၊ ပညာပေးရန် ၊ ဖျော်ဖြေပေးရန်ဟူ၍ ဖြစ်သည့်အားလျော်စွာ ဘတ်ဂျက်ခေါင်းစဉ်တွင် ပညာပေးဟု သီးသန့်မသတ်မှတ်ထားသော်လည်း ဝန်ကြီးဌာန၏ ဘတ်ဂျက်တစ်ခုလုံးထဲတွင် ပညာပေးအစီအစဉ်များ ပြုလုပ်ရေးသည် ပါဝင်ပြီးသကဲ့သို့ ဖြစ်နေပါကြောင်း၊ ဝန်ကြီးဌာန၏ ပညာပေးဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ပညာပေးရေးလုပ်ငန်းအပေါ် အချိုးအစားချ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် ရုပ်/သံနှင့် ပတ်သက်သည့်အပိုင်းတွင် ပြန်ကြားပေးရေးကို ၄၅ ရာခိုင်နှုန်း၊ ပညာပေးရေးကို ၂၅ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရေးကို ၃၀ ရာခိုင်နှုန်းဟု သတ်မှတ်ပြီး ဆောင်ရွက်ပါကြောင်း၊ ရေဒီယိုအစီအစဉ်များတွင်မူ ပြန်ကြားပေးရေးကို ၄၀ ရာခိုင်နှုန်း၊ ပညာပေးရေးကို ၃၀ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရေးကို ၃၀ ရာခိုင်နှုန်းဟု အချိုးအစားချပြီး အစီအစဉ်များကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးပြီး အဆိုကို မှတ်တမ်းအဖြစ်ထားရှိပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသည်။

လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားကို တောင်းခံရာတွင် ဝန်ကြီးဌာန၏ သဘောထားအတိုင်းဟု မှတ်ချက်ပြုသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်၏သဘောတူညီမှုဖြင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိကြောင်း ကြေညာသည်။

**အောင်နိုင်၊ မီမီဖြိုး၊ အေးအေးသန့် (သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဂျပန်နိုင်ငံစာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဟောင်း မစ္စတာဝါတာနာဘေးနှင့်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကရာတေးဒိုနှင့် လုံ့စွပ်ထိုး အားကစားများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် အငြိမ်းစားယူသွားကြသည့် မြန်မာ့တပ်မတော်သားများအတွက် အိမ်တွင်းမှုလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် သင်တန်းပေးရေးနှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့်ငြိမ်းချမ်းရေး ကိစ္စရပ်များ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



## ❂(၂၉)ကြိမ်မြောက်မှ

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသားမီတာ ၅၀၀၀ ပြိုင်ပွဲတွင် ဆန်းနိုင်(စည်ပင်)က ၁၅ မိနစ် ၃၅ ဒသမ ၅၄ စက္ကန့်ဖြင့် ပထမ၊ အမျိုးသမီးမီတာ ၅၀၀၀ ပြိုင်ပွဲတွင် ခင်မာဆယ်(စည်ပင်)က ၁၈ မိနစ် ၁၂ ဒသမ ၀၅ စက္ကန့်ဖြင့် ပထမ၊ အမျိုးသမီးမီတာ ၁၀၀တန်းကျော်ပြေးပြိုင်ပွဲတွင် အိသက်လွင် (ကျန်း/အား)က ၁၅ ဒသမ ၄၅ စက္ကန့်ဖြင့် ပထမ၊ အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် ကျော်ထက်အောင် (သယံဇာတ)က ၆ ဒသမ ၆၈ မီတာဖြင့် ပထမ၊ အမျိုးသား ၁၀ မျိုးစုံ မီတာ ၁၀၀၊ မီတာ ၄၀၀၊ အလျားခုန်၊ သံလုံးပစ်နှင့် တန်းမြင့်ခုန်ပြိုင်ပွဲများကိုလည်း ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအတွက် ပထမအကြိမ် လူရွေးချယ်ပွဲနှင့် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် မှ ၂၄ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း နေ့စဉ် နံနက် ၇ နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ယှဉ်ပြိုင်မည့် ပြိုင်ပွဲများသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ဝါသနာရှင် ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**သတင်း-မောင်မောင်ဇော်**
**ဓာတ်ပုံ-အား/ကာ**

## ✻ ကျောဖုံးမှ

အောင်သူကတော့ ရာခိုင်နှုန်းပြည့် ဒဏ်ရာကနေ ပြန်မကောင်းသေးပါဘူး။ သူ့ကို အသုံးပြုမလားဆိုတာတော့ စဉ်းစားတုန်းပါပဲ”ဟု ပြောကြားသည်။

ဟုမ်းယူနိုက်တက် အသင်းနည်းပြ အာမက်က“ဒီပွဲအတွက် အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ဒါပေမယ့် အဝေးကွင်း လာရောက်ကစားရတာဖြစ်လို့ ပုံမှန်ထက်တော့ ပိုပြီးခက်ခဲမှာပါ။ ကျွန်တော်တို့ပါတဲ့ အုပ်စုမှာ သုံးသင်းပဲပါတာကြောင့် နောက်တစ်ဆင့်တက်ဖို့က ပုံမှန်ထက်ပိုပြီးခက်ခဲမှာပါ။ ရတနာပုံအသင်းဟာ နိုင်ငံခြားသားတစ်ဦးပဲ ပါပေမယ့် တောင့်တင်းတဲ့အသင်းပါ”ဟု ပြောကြားသည်။

ရတနာပုံအသင်းနှင့် ဟုမ်းယူနိုက်တက်အသင်းသည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ ရှိမန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ◯မြန်မာနှင့် ထိုင်းမှ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်ထိုင်းဘောလုံးအဖွဲ့ချုပ်တို့၏ညှိနှိုင်းမှုအရ မြန်မာအသင်းနှင့်ထိုင်းအသင်းသည် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး မတ် ၁ ရက်နှင့် ၃ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲနှစ်ပွဲစလုံးကို မန္တလေးမြို့ရှိမန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၅နာရီတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားခြေစစ်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် ကစားသမား ၃၀ဖြင့် လေ့ကျင့်လျက်ရှိပြီး ဝါရင့်ကစားသမားများပြန်လည်ပါဝင်လာသလို လူငယ်ကစားသမားများကိုလည်း အားဖြည့်ရွေးချယ်ထားသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာက ကိုင်တွယ်လျက်ရှိပြီး ပြီးခဲ့သည့်နှစ်က ချန်ပီယံအောင်မြင်မှုရယူနိုင်ခဲ့ခြင်း မရှိသော်လည်း ခြေစွမ်းအဆင့်မြင့်မားအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားခြေစစ်ပွဲတွင် ဗီယက်နမ်၊ အီရန်၊ ဆီးရီးယား၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားခြေစစ်ပွဲအပြီးတွင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဆက်လက်ပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာလကတည်းက ပြင်ဆင်ခဲ့ပြီး ဇန်နဝါရီလက တရုတ်၊ ယူကရိန်းနှင့် ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သော တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် အတွေ့အကြုံရရှိစေရန် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ထိုင်းအသင်းနှင့်တွေ့ဆုံရာတွင် သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းသည် ၂၀၁၆ ခုနှစ် ဇူလိုင်လက မန္တလာသီရိကွင်း၌ နောက်ဆုံးအကြိမ်ခြေစမ်းခဲ့ရာ မြန်မာအသင်းက ရီရီဦး သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။ ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ရမည့် မြန်မာအသင်းအနေဖြင့် အာရှဖလားခြေစစ်ပွဲမတိုင်မီ အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်လာမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ကျေးလက်လမ်း၊တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေတောင် ဖေဖော်ဝါရီ ၂၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ရွှေနတ်တောင်-ကျီးသဲ လမ်းပေါ်ရှိ ရွာသာယာတံတား အမှတ်(၂) တည်ဆောက်ပြီးစီးမှု အခြေအနေကို ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင် ဦးဆောင်၍ တိုင်းဒေသကြီး ကျေးလက်ဦးစီးမှူး၊ ပြည်ခရိုင် ကျေးလက်ဦးစီးမှူး၊ ရွှေတောင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက် ဦးစီးမှူးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(၁၄၃)**



# နွေရာသီအခြေခံအေရိုးဗစ်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၇ ခုနှစ် နွေရာသီ အခြေခံအေရိုးဗစ်သင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၄ရက်အထိ နံနက် ၇ နာရီမှ ၉ နာရီအထိ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဖွင့်လှစ်သွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၄၂၁၁၃၃၈၉သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်တွင်းရေးရာ

# ချင်းပြည်နယ် ထန်တလန်တွင်ပြုလုပ်မည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွင် အခြေခံမူရရှိစေရန် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူ (၈)ချက်ကို အဓိကထားဆွေးနွေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ် ထန်တလန်မြို့တွင် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ သုံးရက်ကြာပြုလုပ်မည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ၂၀၀၅ ခုနှစ်တွင် ပြုလုပ်သည့် တိုင်းရင်းသားညီလာခံ၌ သဘောတူချမှတ်ထားသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူ (၈)ချက်ကို အဓိကထား ဆွေးနွေးဖလှယ်မည်ဖြစ်ကြောင်း ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးမှုပူးတွဲကော်မတီ(CNDJC) မှ သိရသည်။

ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ ပြုလုပ်သည့် ချင်းအမျိုးသားတပ်ဦး (CNF)၊ ချင်းနိုင်ငံရေးပါတီများနှင့် ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ(CSO)တို့ဖြင့် ဖွဲ့စည်းထားသည့် ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးမှုပူးတွဲကော်မတီ(CNDJC)၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်အရ သိရသည်။



ချင်းအမျိုးသားတပ်ဦး (CNF) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ရမ်းကုလ်ကျုံးက "ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးအတွက် မျှော်လင့်တာက အသေးစိတ်မဖော်ပြထားတဲ့ အခြေခံမူအဆင့်လောက်တော့ ရချင်တယ်။ အဲဒီလို ရလဒ်ထွက်ဖို့အတွက် ကျွန်တော်တို့က ကဏ္ဍအားလုံးကိုဆွေးနွေးရင် တော်တော်လေး ကျယ်ပြန့်သွားမယ်။ ကျွန်တော်တို့ လိုချင်တာကို ရနိုင်ပါ့မလား။ ဒါကြောင့် ကျွန်တော်တို့ အသေးစိတ်မသွားဘဲ အခြေခံကို အရင်ဆွေးနွေးတာပါ။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ လုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာတုန်းကလည်း ကျွန်တော်တို့ မူ (၈)ချက်ကို တင်သွင်းခဲ့ပါတယ်"ဟု ပြောသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာနှင့် သယံဇာတကဏ္ဍ လေးခုအတွက် ဆွေးနွေးရန် UPDJC မှ မူအဖြစ်ချမှတ်ပေးထားပြီး လာမည့် (၂၁) ရာစုပင်လုံတွင် ရလဒ်တစ်စုံတစ်ရာ ရရှိစေရန်အတွက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှ အနည်းဆုံး အခြေခံမူအဆင့်အထိရရှိရန် မျှော်လင့်သည်ဟု ဖေဖော်ဝါရီလဆန်းပိုင်းက ပြုလုပ်သည့် UPDJC အစည်းအဝေးတွင် ဆွေးနွေးထားသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားပြု CNDJC ညှိနှိုင်းရေးမှူး ဆလိုင်းကျုံးလျန်ထောင်းက "ထန်တလန်မှာ ကျင်းပမယ့်ဆွေးနွေးပွဲက ဒီတစ်ခေါက်တည်းအတွက် မဟုတ်ဘဲ လာမယ့်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ရှေ့လုပ်ငန်းစဉ်တွေကို ဘယ်လိုချမှတ်သွားမလဲဆိုတာကို ဆွေးနွေးမှာပါ။ ကျွန်တော်တို့ ရည်မှန်းထားတာက ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး တိုင်းရင်းသားတွေအားလုံး သဘောတူထားတဲ့အပေါ်မှာ ချင်းအမျိုးသားတွေအနေနဲ့ ဘယ်လိုမျိုး စဉ်းစားချက်တွေ ပေးနိုင်မလဲဆိုတာ အလေးထားဆွေးနွေးမှာပါ။ ဆွေးနွေးမှုက ထွက်လာတဲ့ မတူညီတဲ့ သဘောထားတွေကို စုစည်းပြီး UPDJC အောက်မှာရှိတဲ့ သက်ဆိုင်ရာ လုပ်ငန်းကော်မတီကို တင်သွင်းပြီး အဲဒီကနေတစ်ဆင့် (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို တင်သွင်းဖို့ ကြိုးပမ်းသွားမှာပါ" ဟု ပြောသည်။

၂၀၀၅ ခုနှစ်တွင် ပြုလုပ်သည့် တိုင်းရင်းသားညီလာခံက သဘောတူချမှတ်ထားသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူ (၈) ချက်တွင် အချုပ်အခြာအာဏာသုံးရပ်ပိုင်းခြားခွဲဝေမှု၊ တန်းတူရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူနည်းစုအခွင့်အရေးအာမခံချက်၊ ဒီမိုကရေစီနှင့် ကျား/မတန်းတူရေး၊ ဘာသာရေးကိုအခြေမခံသည့် နိုင်ငံတော်ဖြစ်ရေး စသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

ချင်းနိုင်ငံရေးပါတီများကိုယ်စားပြု CNDJC ညှိနှိုင်းရေးမှူး ဦးပိုင်ဆာ့ခ် (ချင်းဒီမိုကရေစီအဖွဲ့ချုပ်-ဥက္ကဋ္ဌ) က "ထန်တလန်မှာ ဆွေးနွေးဖို့ အဓိကကတော့ နိုင်ငံရေးခေါင်းစဉ်အောက်က ဆွေးနွေးမှာပါ။ အချုပ်အခြာအာဏာသုံးရပ်ကိစ္စ၊ တန်းတူညီမျှမှုကိစ္စ၊ ဘာသာရေးကို အခြေမခံတဲ့ နိုင်ငံတော်ဖြစ်လာဖို့ကိစ္စ၊ ဒီမိုကရေစီအရေးနဲ့ ကျား/မတန်းတူရေးကိစ္စ စတဲ့ကိစ္စရပ်တွေကို အဓိကထားဆွေးနွေးမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ချင်းပြည်နယ်တွင် ကျင်းပမည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ချင်းကိုယ်စားလှယ်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းနှင့် NCA နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်း၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ မည်ကဲ့သို့ဆက်လက်ကျင်းပသွားမည်ဆိုသည့် အချက်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် ထန်တလန်တွင် ကျင်းပမည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွင် ဖိတ်ကြားရေးအတွက် ချင်းအမျိုးသားတပ်ဦး (CNF) က ၁၅၀၊ ချင်းနိုင်ငံရေးပါတီများမှ ၁၅၀၊ ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းမှ ၁၅၀ ဖိတ်ကြားခွင့်ရရှိပြီး ပါဝင်သင့် ပါဝင်ထိုက်သောပုဂ္ဂိုလ်များ မကျန်စေရန်အတွက် ပူးတွဲကော်မတီမှ ၅၀ ဖိတ်ကြားသွားမည်ဖြစ်သည်။

(CNF) မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ရမ်းကုလ်ကျုံးက "ချင်းပြည်နယ်မှာ မြို့နယ် ကိုးမြို့နယ်ရှိပါတယ်။ ချင်းပြည်နယ် ပြင်ပမှာ ချင်းလူမျိုး နေထိုင်တဲ့ မြို့နယ် ၂၀ ကျော်လောက်ရှိပါတယ်။ စစ်ကိုင်း၊ မကွေး၊ ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ မန္တလေး အဲဒီ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ချင်းတွေကိုလည်း ပါဝင်စေချင်တဲ့အတွက် မြို့နယ် ၃၀ ကျော်လောက်က ချင်းကိုယ်စားလှယ် ၅၀၀ လောက်ကို တက်ရောက်ဖို့ စီစဉ်ထားပါတယ်။ လေ့လာသူအနေနဲ့ ၁၀၀ လောက် လက်ခံဖို့ စဉ်းစားထားပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေက နိုင်ငံတကာမှာ ပျံ့နှံ့နေပါတယ်။ ကျွန်တော်တို့က အွန်လိုင်းသဘောမျိုးနဲ့ ဖွင့်ထားပြီး စာတွေ လက်ခံပေးမယ်။

"အမေရိကန်နိုင်ငံတစ်ခုတည်းမှာတင် ချင်းတိုင်းရင်းသား ၆၀၀၀၀ လောက်ရှိနေပါတယ်။ သူတို့ရဲ့ အသံတွေ ကျွန်တော်တို့က ယူဖို့လိုပါတယ်။ လေ့လာသူတွေအနေနဲ့ မတက်ရောက်နိုင်ရင်တောင် စာတင်ဖို့ လက်ခံပါမယ်" ဟုပြောသည်။ **သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရေးဆွဲဖော်ထုတ်ရေး စက်မှုဇုန်အဆင့်ညှိနှိုင်းဆွေးနွေးပွဲ ရန်ကုန်မြို့၌ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်အရ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲဖော်ထုတ်ရေး စက်မှုဇုန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်သည်။

"ILO ဘက်က နည်းပညာရပ်ပိုင်းဆိုင်ရာတွေနဲ့ ပြည်ပနိုင်ငံတွေက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တွေကို ပြောပါတယ်။ ဒါ့အပြင် စက်မှုဇုန်တွေက ကလေးအလုပ်သမားပြဿနာတွေကို ဖြေရှင်းဖို့ နည်းလမ်းတွေနဲ့ ကလေးအလုပ်သမားဆိုင်ရာ အသိအမြင် မြှင့်တင်ဖို့ အကြောင်းတွေကို ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးနဲ့ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေတဲ့အပေါ် ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်"ဟု အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနိုင်က ယနေ့ ဆွေးနွေးမှုအပေါ် ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ILO Convention 182 (အဆိုးရွားဆုံးပုံစံ ကလေးအလုပ်သမားခိုင်းစေမှုပြဋ္ဌာန်းချက်) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ကလေးအလုပ်သမား ပပျောက်ရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမေရိကန်နိုင်ငံအလုပ်သမားဌာန၏ ငွေကြေးအထောက်အပံ့၊ ILO ၏ နည်းပညာအကူအညီတို့ဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လေးနှစ်တာ စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကလေးအလုပ်သမား ပပျောက်ရေးသည် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၍ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ရေးဆွဲဖော်ထုတ်ရန် ILO အကြံပေးအရာရှိ Ms. Birgitte က ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ်အတွက် အဓိက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ အကြံပြုမေးခွန်းလွှာများ ပေးပို့ပြီး ဆွေးနွေးကောက်ယူခဲ့ကြောင်း သိရသည်။

အကြိုစစ်တမ်းများအရ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရေးဆွဲဖော်ထုတ်ရန် အလုပ်အကိုင်နှင့် အလုပ်သမားဈေးကွက်၊ အဓမ္မခိုင်းစေမှုနှင့် လူကုန်ကူးမှု၊ ပညာရေးနှင့် သက်မွေးသင်တန်းဆိုင်ရာကိစ္စရပ်များ၊ ဦးစားပေးမှု၊ လူမှုရေးဆိုင်ရာ အကာအကွယ်ပေးမှုနှင့် သက်သာချောင်ချိရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ဦးစားပေးမှုများ၊ ကျေးလက်ဒေသ၏ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် စိုက်ပျိုးရေးမူဝါဒများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် တုံ့ပြန်မှု၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ မူဝါဒရေးရာ ခြုံငုံသုံးသပ်မှုများကို အခြေခံရန် လိုအပ်ကြောင်း သိရသည်။

အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲရေးကော်မတီများဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ သဘောထားအမြင်များကို ရယူနိုင်ခဲ့ကြောင်း သိရသည်။



ယနေ့ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မူကြမ်းရေးဆွဲရေးအဖွဲ့ဝင်များ၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ စသည့် တိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်တို့ရှိ စက်မှုဇုန်များမှ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုရလဒ်များအပေါ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ထပ်မံကျင်းပကာ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(မူကြမ်း)ကို ရေးဆွဲဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# အား/ကာ သိပ္ပံ(ရန်ကုန်) နွေရာသီ အခြေခံမြန်မာ့သိုင်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ အား/ကာသိပ္ပံ(ရန်ကုန်)နှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အခြေခံမြန်မာ့သိုင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အား/ကာသိပ္ပံ(ရန်ကုန်) မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အား/ကာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်ခင်လေးမွန်က အမှာစကားပြောကြားသည်။ ယခုသင်တန်းကို အား/ကာသိပ္ပံကျောင်းအတွက် ပထမဆုံးဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၁၇ ဦး တက်ရောက်ကြသည်။ မြန်မာ့သိုင်းသင်တန်းများကို အား/ကာသိပ္ပံ (မန္တလေး)နှင့် (တောင်ကြီး)တို့တွင်လည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာ့ရိုးရာပညာရပ်များ ပြန့်ပွားလာစေရန် ဖွင့်လှစ်ခြင်းဖြစ်သည်။

**(ဖိုးသော်ဇင်)**

# ပိုးသတ်ဆေးအရောင်းဆိုင် ၅၆၀ ကျော်မှ ပိုးသတ်ဆေးရောင်းချသူများအား လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းပို့ချ

**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပိုးသတ်ဆေးအရောင်းဆိုင် ၅၆၀ ကျော်မှ ပိုးသတ်ဆေးရောင်းချသူများ၊ ကုမ္ပဏီဝန်ထမ်းများ၊ စိတ်ပါဝင်စားသူတောင်သူများကို မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက် သင်တန်းပေးလျက်ရှိသည်။

"ပိုးသတ်ဆေးတွေကို စိုက်ပျိုးရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းတွေမှာ မရှိမဖြစ်လိုအပ်တဲ့ ဓာတုပစ္စည်းဖြစ်တယ်လို့ ယနေ့အထိ နိုင်ငံအများစုက ခံယူကျင့်သုံးနေတာတွေ့ရပါတယ်။ ဒါပေမယ့် ပိုးသတ်ဆေးတွေကို စနစ်တကျစီမံခန့်ခွဲတာတွေမရှိရင် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမိုဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းတာတွေဖြစ်လာနိုင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ ပိုးသတ်ဆေးအရောင်းဆိုင် ၅၆၃ ဆိုင်ရှိပြီး ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိဖို့အတွက် အခုဖွင့်လှစ်တဲ့သင်တန်းဆင်းလက်မှတ်ရမှသာ ရောင်းချခွင့်ရရှိမှာဖြစ်ပါတယ်"ဟု ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသောသင်တန်းဖွင့်ပွဲတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(၂)ဦးထွန်းရှိန်က ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် တက်ရောက်လာသူများကို ဒုတိယတိုင်းဦးစီးမှူး ဦးထွန်းရှိန်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနှင့်ပတ်သက်သည်များကို သီးနှံကာကွယ်ရေးရုံးချုပ်မှ သင်တန်းမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းလွင်က ရှင်းလင်းပြောကြားသည်။

ငါးရက်သင်တန်းတွင် သီးနှံကာကွယ်ရေးဆိုင်ရာမူဝါဒများ၊ ပိုးသတ်ဆေးအမျိုးမျိုးနှင့် ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း၊ ဖျက်ပိုးအမျိုးအစားခွဲခြားခြင်းနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ကြွက်အမျိုးမျိုးနှင့် ကာကွယ်နှိမ်နင်းနည်း၊ သီးနှံပင်ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ အပင်ရောဂါသတ်ဆေးများ၊ ဘက်စုံကာကွယ်နှိမ်နင်းနည်းများ၊ သိုလှောင်သီးနှံဖျက်ပိုးနှင့် အဆိပ်ရှိငွေ့မှိုင်းတိုက်ခြင်းများအကြောင်း စသည်များကို သင်ကြားပေးသည်။

ငါးရက်တာသင်တန်းတက်ရောက်ပြီးပါက ပိုးသတ်ဆေးဆိုင်ရာပြဋ္ဌာန်းချက်များ သေချာစွာသိရမည်ဖြစ်သလို ပိုးသတ်ဆေးများအကြောင်း၊ အင်းဆက်ဖျက်ပိုးများ၊ အပင်ရောဂါများ၊ ပေါင်းအမျိုးမျိုး၊ ကြွက်အမျိုးမျိုး၊ သိုလှောင်ပိုးပိုးသတ်ဆေးဓာတ်ကြွင်း ဆေးဖျန်းကိရိယာများ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်းများ၊ GAP နည်းစနစ်များ၊ ဘက်စုံကာကွယ်ရေးနည်းစနစ်များ၊ ရှေ့ဦးသူနာပြုစုနည်းများစသည့် လက်တွေ့ပညာရပ်များကို သိရှိရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။



# ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်တုန်း ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် သောင်တူးလုပ်ငန်းများကို ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သောင်တူးလုပ်ငန်းများ ဆောင်ရွက်နေခြင်းအပြင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် Steel Cable Groyne ရေကာတာများ တည်ဆောက်ထားရှိမှုနှင့် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ၊ ရေကာတာတည်ဆောက်နေမှုများကို ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် စစ်ဆေးကြည့်ရှုကြပ်မတ်ခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် သောင်တူးလုပ်ငန်း သုံးနေရာ၊ မြေသားပမာဏ ၄၄၁၂၂၉၉ ကုဗမီတာ တူးဖော်ခြင်း၊ သဲအိတ်ခံ ကျောက်စီရေကာ သုံးခု၊ စုစုပေါင်းမီတာ ၈၅၀ တည်ဆောက်ခြင်း၊ ရေကာများ ၂၀၅၇ ခု၊ စုစုပေါင်း အလျား ပေ ၆၂၇၀ တည်ဆောက်ခြင်း၊ Steel Cable Groyne ၁၄ ခု၊ စုစုပေါင်း အလျား ပေ ၂၁၀၀ တည်ဆောက်ခြင်း၊ Steel Basket အခြေပြု ကျောက်စီနံရံ အလျား ပေ ၄၅၀ နှင့် ဘိုးပိုင်အခြေပြု ကျောက်စီနံရံ အလျား ပေ ၃၆၀ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းအပြင် ဓနုဖြူမြို့နယ် မရမ်းချောင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ဘိုးပိုင်အခြေပြု ကျောက်စီနံရံ ပေ ၁၁၂၀ နှင့် အခြေထိန်း မျှောကျောက်ဖြည့်ရေကာ ပေ ၁၁၅၀၊ ရေထဲပိုင်း Steel Cable Groyne နှင့် Floating Unit များ ချထားခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရသည်။ ဓနုဖြူမြို့နယ် စံကင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ဘိုးပိုင်အခြေပြု ကျောက်စီနံရံ အလျား ၉၂၀ ပေ၊ အုန်းတိုင်စိုက် ရေကာအလျား ပေ ၇၂၀ နှစ်ခုနှင့် မျှောရေကာတန်း စတုရန်းပေ ၂၆၀၀၀ တည်ဆောက်သွားမည်ဟု သိရသည်။

အလားတူ ပုသိမ်မြို့ ဝေနမြစ်ကူးတံတားတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု ကျောက်စီနံရံ အလျား ၉၅ ပေနှင့် Steel Cable Groyne အလျား ပေ ၂၅၀ တည်ဆောက်မည်ဟု သိရသည်။ လေးမျက်နှာမြို့နယ်တွင် ထူပါရုံဘုရား ဝေနမြစ်ရေတိုက်စား ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု ကျောက်စီနံရံ အလျား ပေ ၅၀၀၊ အခြေထိန်းမျှော ကျောက်ဖြည့်ရေကာနှင့် Sada Mattress အလျား ပေ ၁၀၀၀၊ သောင်စွယ်ဖြတ်ခြင်းလုပ်ငန်း ၁၃၀၄၇၄ ကုဗမီတာ တူးဖော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# ဖျာပုံတံတားကြီးပေါ်ရှိ လူသွားပလက်ဖောင်းကျောက်ပြားများ ပေါက်ပြဲနိမ့်ကျမှုများကို အမြန်ဆုံးပြုပြင်ပေးရန် ပြည်သူများ လိုလားလျက်ရှိ

**ဖျာပုံ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဖျာပုံတံတားကြီးတွင် ခရီးသွားပြည်သူများအတွက် တံတားကြီး၏ ရေလယ်ဘေးတစ်ဖက်တစ်ချက်တွင် လူသွားစင်္ကြံလမ်းများ ထည့်သွင်းတည်ဆောက်ပေးထားပြီး တံတားကြီး၏ အရှေ့ဘက်အုန်းပင်ကျေးရွာ အနီးခြေဆင်းနှင့် အနောက်ဘက် ဖျာပုံမြို့ဘက်ခြမ်း တံတားကြီးခြေဆင်းလမ်းတွင် ခြေကျင်လျှောက်သူများအတွက် လူသွားလမ်းပလက်ဖောင်းကို ကျောက်ပြားများအပြည့်ခင်းပေးထားခဲ့သဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစိတ်ချမ်းမြေ့စွာ အသုံးပြုနေသည်မှာ နှစ်အတန်ကြာနေပြီဖြစ်သည်။

သို့ရာတွင် ယခုအခါတွင် ဖျာပုံတံတားကြီး၏ ဖျာပုံမြို့ဘက်ခြမ်းခြေဆင်းညာဘက်လမ်းမီးတိုင်များ စိုက်ထူထားရာ လူသွားလမ်းပလက်ဖောင်းရှိကျောက်ပြားများသည် အကြောင်းအမျိုးမျိုးကြောင့် ပေါက်ပြဲနိမ့်ကျနေသည့်နေရာ ကိုးခုခန့်ရှိနေပြီး အရှေ့ဘက်အုန်းပင်ကျေးရွာအနီး ခြေဆင်းညာဘက်လမ်းမီးတိုင်များရှိသည့် လူသွားလမ်းနေရာတွင်လည်း ကျောက်ပြားပေါက်ပြဲနေသည်မှာ**(အောက်ပုံ)** လေးနေရာခန့်ရှိနေသဖြင့် ခြေကျင်ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ မကြာခဏခြေထောက်ကျွံကျ၍ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ဖျာပုံမြို့ဂုဏ်ဆောင် ဖျာပုံတံတားကြီးကို နိုင်ငံတော်အစိုးရမှ စတင်တည်ဆောက်ပေးစဉ်ကာလက နိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ယိုယွင်းပျက်စီးနေမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသဖြင့် ယခုပေါက်ပြဲပျက်စီးနေသော လူသွားလမ်းပလက်ဖောင်းကျောက်ပြားများကို နဂိုအတိုင်း နည်းစနစ်မှန်စွာ သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**(၅၄၀)**



# ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၁

**ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးမင်းသူက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားမြတ်နိုးထိုက်ပါသော ကျေးဇူးရှင် တောင်သူဦးကြီးများနှင့် လုပ်သား ပြည်သူမိဘအပေါင်းတို့ခင်ဗျာ-**

ယနေ့မှစ၍ နောင်နှစ်ပေါင်းများစွာအထိ ရွှင်လန်းနိုးကြားပျော်ရွှင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ခင်ဗျား-

ကျွန်တော်ကတော့ ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးမင်းသူ ဖြစ်ပါတယ်။

ကျွန်တော်ပထမဦးဆုံး ကျေးဇူးတင်စကားပြောကြားလိုတာကတော့ ကျေးဇူးရှင် လယ်သမားဦးကြီးများစိုက်ပျိုးသော ဆန်ကိုစားပြီး ပါတီဥက္ကဋ္ဌဖြစ်လာခြင်းနှင့် နိုင်ငံရေးတွင် လူငယ်များ ရှုပ်ရှုပ်ချွံချွံပါဝင်ခွင့်ရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး၊ နိုင်ငံတော်သမ္မတကြီးနှင့် အတူတကွ ကျွန်တော်တို့ ပါတီ၏ အမှတ်တံဆိပ်အဓိပ္ပာယ်နှင့် မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို တင်ပြခွင့်ပေးထားသော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းများအားလုံးနှင့် မဲဆန္ဒရှင်အပေါင်းတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီကို ၂၉. ၄. ၂၀၁၅ ရက်နေ့တွင် တည်ထောင်ခွင့်လျှောက်ထားပြီး (၄. ၈. ၂၀၁၅) ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ် ၉၉ ဖြင့် ပါတီတည်ထောင်ခွင့် ရရှိပါတယ်။ ကျွန်တော်တို့ပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များမှာ လယ်သမားစစ်စစ်ကြီးများနှင့် အလုပ်သမားများအပါအဝင် ရှေ့နေသုံးဦးနှင့် ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ-**
**ပါတီ၏ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်မှာ**

ပါတီအမည်မှာ ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာစကားအားဖြင့် Union Farmar- Labour Force ပါတီဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း နေထိုင်ကြကုန်သော လယ်သမား အလုပ်သမားများ အစဉ်အေးချမ်းသာယာရေးအတွက် အစိုးရ အဆက်ဆက်နှင့် စုပေါင်းညီညာလက်တွဲကာ အင်အားယူပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာရေးကို အဓိကထားပြီး မြန်မာလယ်သမား အလုပ်သမားကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန် ရည်သန်ပါတယ်။

**ပါတီအလံနှင့် တံဆိပ်၏ အဓိပ္ပာယ်မှာ**

အနီရောင်နောက်ခံထားပြီး အရွယ်တူကြယ်ဖြူ ၁၄ လုံးနှင့် စက်သွားဝိုင်း (ခ) ပင်နယံ၏ အလယ်တွင် အစိမ်းရောင်စက်ဝိုင်းအတွင်း ပြုံးရွှင်တက်ကြွနေသော မျက်နှာဖြင့် တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေသော လယ်သမားပုံကို အသိအမှတ်ပြု ရေးဆွဲထားပါတယ်။

(က) အနီရောင်နောက်ခံသည် လယ်သမား အလုပ်သမားအပေါင်းတို့၏ သွေးသည် ရဲရင့်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိမည့်စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

(ခ) အရွယ်တူကြယ်ဖြူ ၁၄ လုံးသည် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့အား ကိုယ်စားပြုပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများ အဆင့်အတန်းမခွဲခြားဘဲ တန်းတူရည်တူရှိမှုကို ဖော်ညွှန်းပါတယ်။

(ဂ) ပင်နယံ၊ စက်သွားသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား အလုပ်သမားထုကြီးကို ရည်ညွှန်းပါတယ်။

(ဃ) အစိမ်းရောင်အဝိုင်းသည် ပြည်ထောင်စုလယ်သမား အလုပ်သမားများ၏ စွမ်းအားဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်ညွှန်းပါတယ်။

(င) ပြုံးရွှင်တက်ကြွနေသော လယ်သမား၏ပုံသည် ရန်သူမျိုးငါးပါး မည်သို့ပင် ကျရောက်ပါစေ၊ ပင်ပန်းဆင်းရဲ ခံနေရမှုကို သားသမီးတို့အား အသိမပေးဘဲ အပြုံးဖြင့် အစဉ်လုပ်ကျွေးနေမည်ဟူသော ဖခင်ကောင်း၏ စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

(စ) တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန်သည် လယ်သမား အလုပ်သမား အင်အားဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာ ထာဝရဖူလုံရေးအတွက် အားကြိုးမာန်တက် အစဉ်ကြိုးစားနေမည်ဟု ရည်ညွှန်းပါတယ်။

(ဆ) တံစဉ်ကိုင်ဆောင်သော လယ်သမားအပေါင်းတို့လက်နှင့် အလုပ်သမားထု၏ လက်သည် တိုင်းတစ်ပါးမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာပါက တပ်မတော်နှင့်အတူ နိုင်ငံတော်ကို ကာကွယ်ရန်ဟူသော အမျိုးသားရေးစိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ၏ သုံးစွဲသည့်အလံနှင့် တံဆိပ်မှာ အတူတူပင် ဖြစ်ပါသည်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**
**ပါတီ၏ မူဝါဒသဘောထားအားဖြင့်**

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီး ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသား အားလုံး ပိုင်ဆိုင်ကြသကဲ့သို့ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု သွေးစည်း ညီညွတ်မှုကို အခြေပြုရပ်တည်ဖွဲ့စည်းထားသော နိုင်ငံတော်ကြီး ဖြစ်ပါတယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၏ ကျေးလက်နေလယ်သမား၊ အလုပ်သမားများ၏ လူနေမှုဘဝတိုးတက် မြင့်မားရေးအတွက် စက်မှုလယ်ယာစနစ်သို့ မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်ရေးနှင့် မြို့ပေါ်နေအလုပ်သမား လူတန်းစားများ၏ဘဝ တိုးတက်မြင့်မားရေးကို အခြေပြုလျက် ပြည်ထောင်စုလယ်သမား အလုပ်သမား အင်အားစုပါတီကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းပဲဖြစ်ပါတယ်။

ပါတီကိုအမည်ပေးရာတွင် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတော်ဖြစ်သလို လယ်သမား၊ အလုပ်သမားအများစု ဖြစ်နေကြပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသား လယ်သမား၊ အလုပ်သမားအပေါင်းတို့၏ အင်အားနှင့် စုစည်းပြီး ခေတ်အဆက်ဆက် တက်လာမည့် အစိုးရနှင့် လက်တွဲညီနိုင်းကာ ပြည်ထောင်စုကြီး အေးချမ်းသာယာရေးကို ရှေးရှုလျက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁)၊ အပိုဒ် (၂၁)(က) အရ နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရရှိရေးနှင့် အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အပိုဒ် ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်နှင့်အညီ ရည်ရွယ်ပြီး "ပြည်ထောင်စု လယ်သမား အလုပ်သမားအင်အားစု ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**
**နိုင်ငံရေးဆိုင်ရာ မူဝါဒအားဖြင့်**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်ကျူးကျော်လာပါက တံစဉ်ကိုင်ကာ ပြည်သူ ၅၁ သန်းအား အလုပ်အကျွေးပြုနေသော လယ်သမား၊ အလုပ်သမား၏ လက်သည် တပ်မတော်နှင့်အတူ ယှဉ်တွဲတိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့် ရပ်တည်မည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပွင့်လင်းမြင်သာသော လူ့အဖွဲ့အစည်းအား အချုပ်အခြာအာဏာပိုင်လွတ်လပ်သော ဒီမိုကရေစီစနစ်ကို အခြေခံသည်နှင့်အညီ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ဝယ်သို့ ရောက်ရှိရေးကို အလေးထားရပ်တည်မည်။

(ဂ) အမျိုးသားသင့်မြတ်ပေါင်းစည်းရေးအတွက် နိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ တွေ့ကြုံခဲ့ရသည့် ပြည်တွင်းပဋိပက္ခများချုပ်ငြိမ်းရေးအတွက် အမျိုးသားရေးအမြော်အမြင်အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပြည်ထောင်စုဖွားတိုင်းရင်းသား လယ်သမား အလုပ်သမားတို့၏အင်အားဖြင့် အမျိုးသားရေးကိုသစ္စာမဖောက်ဘဲ အမျိုးသား အကျိုးစီးပွားကို အစဉ်ကာကွယ်စောင့်ရှောက်သွားခြင်းဖြင့် ရပ်တည်မည်။

(ဃ) ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်များအား စုပေါင်းတည်ထောင်သည့် ပြည်ထောင်စုကြီးအဖြစ် တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်ကို ဖြည့်ဆည်းပေးရမည်ဟု အလေးအနက်ရပ်တည်မည်။

(င) လူထုလူတန်းစားကို ကိုယ်စားပြုသည့် ပွင့်လင်း၍ ထင်သာမြင်သာရှိသော အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရှိရမည်နှင့်အညီ

(၁) လယ်သမားလူတန်းစားကိုယ်စားပြုအဖွဲ့အစည်းများ

(၂) အလုပ်သမားကိုယ်စားပြုအဖွဲ့အစည်းများ

(၃) တိုင်းရင်းသားလုပ်ငန်းရှင်များကိုယ်စားပြုအဖွဲ့အစည်းများ

(၄) အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ

(၅) ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရှိရေးကို ထောက်ခံဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

**ဥပဒေရေးရာမူဝါဒအားဖြင့်**

ဥပဒေပြဋ္ဌာန်းရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကဖြစ်ပါတယ်။ ထို့ကြောင့် ဥပဒေအထက်မှာ မည်သူမှ မရှိစေရဘဲ ဥပဒေကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံသား အားလုံးက တန်းတူလက်ခံကျင့်သုံးမှ သာလျှင် တရားဥပဒေစိုးမိုးမည် ဖြစ်ပါတယ်။

လယ်သမားများအတွက် လယ်ယာမြေလုပ်ကိုင်ခွင့် ဥပဒေနှင့် လယ်ယာမြေသိမ်းဆည်းမှုတွင် ဥပဒေနှင့်အညီရှိရမည် ဖြစ်ပါတယ်။

အလုပ်သမားများအတွက် လုပ်ခလစာ ထိုက်ထိုက်တန်တန်ရရှိနိုင်ရန် ဥပဒေပြဋ္ဌာန်းရေးနှင့် လုပ်ငန်းခွင်အတွင်း ပျက်စီးဆုံးရှုံးခံလိုက်ရသော အလုပ်သမားတစ်ဦး၏ ကိုယ်လက်အင်္ဂါချို့ယွင်းမှုအတွက် ထိုက်တန်သော ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုပေးနိုင်သော အလုပ်သမားရေးဝန်ကြီးများ ပေါ်ပေါက်လာရေးကို ဆောင်ရွက်မည်ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်းသည် တရား ဥပဒေစိုးမိုးရေးကို လက်ခံပြီး ဥပဒေ၏ အကာအကွယ်ကို အပြည့်အဝရရှိ ခံစားနိုင်စေရန် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကျန်းမာရေးဆိုင်ရာမူဝါဒအားဖြင့်**

ဆင်းရဲသား လယ်သမား၊ အလုပ်သမားများအတွက် ကျန်းမာရေးဟာ အဓိကပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းတွေ အများကြီးလိုအပ်ပါတယ်။ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးမကောင်းသော ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများ ရောက်ရှိမှုနည်းပါးနေမှုကို ယခုမျက်မှောက် ကာလတွင် တွေ့မြင်နေရပါတယ်။ အဆိုပါ ကျန်းမာရေး ကိစ္စရပ်များကိုလည်း အဓိကထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**စီးပွားရေးဆိုင်ရာ မူဝါဒအားဖြင့်**

ကျွန်ုပ်တို့၏ တိုင်းပြည်သည် စိုက်ပျိုးရေးကို အခြေခံသောတိုင်းပြည် ဖြစ်သကဲ့သို့ ဆင်းရဲသားလယ်သမား၊ အလုပ်သမားအများဆုံး နိုင်ငံဖြစ်နေပါတယ်။

တိုင်းပြည်မှာ ကမ္ဘာ့အလယ်မှာ တင့်တယ်စေဖို့ အခြေခံလူတန်းစားများ၊ စီးပွားရေးဦးမော့နိုင်မှသာလျှင် တိုင်းပြည်ကိုတိုးတက်ပြောင်းလဲပြီဟု မှတ်ယူရမည် ဖြစ်သည်နှင့်အညီ လယ်သမား၊ အလုပ်သမားအတွက် ခိုင်လုံသော စီးပွားရေး အဆင်ပြေစေရန် တည်ငြိမ်သော စပါးဈေးကွက်နှင့် ကုန်ဈေးနှုန်း တည်ငြိမ်စေရေးကို အလေးထား ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ ထို့ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**
**ပညာရေးဆိုင်ရာမူဝါဒအားဖြင့်**

ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းဆက်ဆံရာတွင် အဓိကအကျဆုံးမှာ ပညာရေးပင် ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကောင်းဖို့လိုပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ပညာရေးဝန်ထမ်းများ အများအပြား လိုအပ်ပါတယ်။ လယ်သမားများအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အဓိကကျဆုံးမှာ ပညာရေးပင် ဖြစ်ပါတယ်။ ပညာတတ်မှ နည်းပညာကိုသိမှာပါ။ နည်းပညာသိမှသာလျှင် နိုင်ငံတော် သမဝါယမအသင်းစုနှင့် ကုမ္ပဏီများမှ အရစ်ကျချပေးသော လယ်ယာသုံးစက်ပစ္စည်းများကို စနစ်တကျ အသုံးပြုလာနိုင်ပြီး စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်မှုမှာ လွယ်ကူလာမှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။



စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများတွင် စာသင်ကျောင်းများလည်း ရှားပါးသကဲ့သို့ ပညာရေးဝန်ထမ်းများလည်း မျက်မှောက်ကာလမှာ ရှားပါးနေမှုကို တွေ့မြင်နေရပါတယ်။ ထို့ကြောင့် ၎င်းဒေသရှိ ကျေးရွာလူကြီးများက မိမိတို့ကျေးရွာအတွက် နေ့စားလပေး ဆရာ ဆရာမများကို ခေါ်ယူလျက်ရှိနေသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါတယ်။ နေ့စားလပေး ဆရာ ဆရာမများသည် ပညာရေးကောလိပ်မှ ဆင်းသက်လာသော ပညာရေးဝန်ထမ်းများမဟုတ်သောကြောင့် သင်ကြားရေးမှာ မတိုးတက်ဘဲရှိနေသည်ကို တွေ့မြင်နေရပါတယ်။ အဆိုပါပြဿနာများကိုလည်း အဓိကဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲကြီးတွင် ဝေါမြို့နယ်၊ ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်များမှ ငါးမြို့နယ် ငါးနေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။

ယခု ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကြီးတွင် ကျွန်တော်ကိုယ်တိုင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေ(၄)တွင် အခြေခံလူတန်းစား လယ်သမားများ၊ အလုပ်သမားများအတွက် ရှုပ်ရှုပ်ချွံချွံ လွှတ်တော်အတွင်း တင်ပြဆွေးနွေးနိုင်ရန်အတွက် ဝင်ရောက်ရွေးချယ်ခံသွားမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မြေယာဥပဒေများ၏ တချို့သော အားနည်းချက်များကိုလည်း လွှတ်တော်အတွင်း ထောက်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် အဓိကအားဖြင့် တိုင်းရင်းသား လယ်သမား အလုပ်သမားများ၏ ဘဝတွေကိုစာနာပြီး ကယ်တင်လိုစိတ်ရှိခဲ့ရင်တော့ ညောင်လေးပင်၊ ကျောက်တံခါးမြို့နယ်များမှ မဲဆန္ဒရှင်ပြည်သူများ ကျွန်တော့်အား မဲပေးကြပါလို့ အထူးပင်တိုက်တွန်းပြောကြားလိုပါတယ်။

ရွေးကောက်ပွဲကြီးအလွန်၌ ကျွန်တော်တို့ပါတီ၏ လွှတ်တော်အတွင်းမှလည်းကောင်း၊ လွှတ်တော်ပြင်ပမှလည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆောင်ရွက်သွားပါမည်။

(၁) အမှန်တကယ် လယ်ယာမြေလုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများအား စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိရေး။

(၂) မျိုးစပါးများအား မျိုးကောင်းမျိုးသန့် ထုတ်ပေးနိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများမှ မျိုးကောင်း မျိုးသန့်များ ရောင်းချပေးမှုအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိနိုင်သော ဥပဒေများပြဋ္ဌာန်းနိုင်ရေး။

(၃) သွင်းအားစုဟု ခေါ်တွင်သော ဓာတ်မြေသြဇာများအား သင့်တင့်သော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး။

(၄) ထွက်ရှိလာသော စပါး၊ ကောက်ပဲသီးနှံများအား ရသင့်ရထိုက်သော ဈေးနှုန်းများ ရရှိစေရေးနှင့် ဈေးကွက်ဖော်ဆောင်ပေးရေး။

(၅) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ခေတ်မီဖွံ့ဖြိုးပြောင်းလဲရေးအတွက် သင်တန်းများပို့ချနိုင်ရေး။

(၆) အမှန်တကယ် လုပ်ကိုင်စိုက်ပျိုးနေသော တောင်သူလယ်သမားကြီးများ၏ လယ်ယာမြေဧကနှင့်အညီ ချေးငွေများရရှိစေရေး။

(၇) အမှန်တကယ် လုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများ၏ လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ (၇) ရရှိနိုင်ရေးနှင့် လယ်သမားစစ်စစ်များကိုသာ ပုံစံ (၇) ထုတ်ပေးနိုင်ရေး။

(၈) လယ်ယာကုန်ထုတ်သီးနှံများရောင်းချရန်အတွက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေးနှင့် ကျေးရွာတိုင်းတွင် ပြုလုပ်ပေးနိုင်ရေး။

(၉) ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ အမှန်တကယ် စိုက်ပျိုးနေသော လယ်ယာမြေများအား သိမ်းယူမှုမရှိစေရေးကို ယခုတိုင်းပြည်တာဝန်ယူထားသော အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး။

(၁၀) ဆုံးရှုံးသွားသော လယ်ယာမြေများနှင့် သိမ်းဆည်းခံရသော လယ်ယာမြေများအား တောင်သူလယ်သမားကြီးများလက်ဝယ်သို့ ပြန်လည်ရရှိစိုက်ပျိုးနိုင်ရေးအတွက် ယခုတိုင်းပြည်တာဝန်ယူထားသော အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ကာ လယ်သမားများ စိတ်ချမ်းသာစေရေးနှင့်

(၁၁) ဆင်းရဲသား လယ်သမား အလုပ်သမားများအတွက် သက်သာဆိုင်များ ဖွင့်လှစ်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများမှ အလုပ်သမား အခွင့်အရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများကိုလည်း ယခုတိုင်းပြည်တာဝန်ယူထားသော အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပါ ညှိနှိုင်းဆောင်ရွက်ကာ လယ်သမား အလုပ်သမားများအတွက် ခေါင်းမော့ရင်ကော့နိုင်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ တိုင်းပြည်ဟာ ရိုးသားကြိုးစားသော လယ်သမား၊ အလုပ်သမားများနှင့် နိုင်ငံတည်ထားခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လယ်သမား အလုပ်သမားတွေဟာ ကောင်းကင်မှာရှိသော ကြယ်ပွင့်များနှင့် တူပါတယ်။ ကြယ်ပွင့်တွေဟာ နေရောင်ခြည်ရဲ့ စွမ်းအားနဲ့ ညအခါမှာ အလင်းပြန်ပေးနိုင်တာပါ။ သို့ဖြစ်ပါ၍ လယ်သမား အလုပ်သမားများအား နေရောင်ခြည်ကဲ့သို့ မေတ္တာဖြင့် ဖွံ့ဖြိုးတိုးတက်မှုပေးနိုင်သော နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လွှတ်တော်သုံးရပ်ရှိ ဥက္ကဋ္ဌများမှ စွမ်းစွမ်းတမံဆောင်ရွက်ပေးမှသာလျှင် ဆင်းရဲသားလယ်သမား၊ အလုပ်သမားများကလည်း နိုင်ငံတော်သို့ အလင်းခွန်အား ပြန်လည်ပေးဆောင်နိုင်မှာ ဖြစ်ပါတယ်။


သို့ဖြစ်ပါသောကြောင့် ကျွန်တော်တို့ပါတီမှ လယ်သမားကိုယ်စားပြုသော လယ်သမားကြီးပုံနှင့် အလုပ်သမားကိုယ်စားပြုသော ပင်နယံစက်သွားကို အလံပေါ်တင်ထားပေးပါတယ်။ လယ်သမား၊ အလုပ်သမားဦးကြီးများကလည်း မြင့်တယ်ထင်ပြီး အလံပေါ်မှ ခုန်မချကြဖို့ ပြောကြားတိုက်တွန်းရင်း လာမည့် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အခြေခံလူတန်းစား လယ်သမားအလုပ်သမားများအတွက် လွှတ်တော်အတွင်း ရဲရဲရင့်ရင့်ဖြင့် တင်ပြဆွေးနွေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ ပါတီနှင့်အတူ လက်တွဲ၍ ရွေးချယ်နိုင်ပြီး ဆန္ဒနှင့် ဘဝများ ထပ်တူကျပြီး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပါစေကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ရပါတယ်ခင်ဗျား။ ။

## ချမ်းမြေ့၊ သီတဂူ၊ ဓမ္မရုံသီဆရာတော် မထေရ်မြတ်ကြီးများ တရားပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၀) ရပ်ကွက် လှော်ကားလမ်း မိဘရိပ်သစ်စက် မိသားစုပိုင် မြေနေရာတွင် မိဘရိပ်သစ်စက် မိဘရိပ်ကုမ္ပဏီလီမိတက် မိသားစုတို့က ကျင်းပမည့် ရန်ကုန်ဓမ္မရုံသီ မိုးကုတ်ဝိပဿနာရိပ်သာ စတင်တည်ထောင်ခြင်း အထိမ်းအမှတ်အဖြစ် ဓမ္မရုံသီဆရာတော် အရှင်သုနန္ဒက မတ် ၁ ရက်တွင်လည်းကောင်း၊ ကမ္ဘာ့သာသနာပြု ချမ်းမြေ့ဆရာတော်အရှင်ဇနကာဘိဝံသ၏ သက်တော် (၉၀) ပြည့် အကြိုအထိမ်းအမှတ်အဖြစ် ချမ်းမြေ့ဆရာတော်က မတ် ၂ ရက်တွင်လည်းကောင်း၊ ကမ္ဘာ့သာသနာပြုသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် (၈၀) ပြည့်နှစ်နှင့် အဘိဇေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အထိမ်းအမှတ်အဖြစ် သီတဂူဆရာတော်က မတ် ၃ ရက်တွင်လည်းကောင်း ညစဉ် ၇ နာရီတွင် ညချမ်းချိန်ခါ ဓမ္မသဘင်တရားအလှူတော်တရားပွဲများ ကျင်းပမည်ဖြစ်ကြောင်းနှင့် ဓမ္မပူဇာအလှူငွေများ လှူဒါန်းပူဇော်လိုပါက ကျင်းပရေးကော်မတီ ဖုန်း-၀၉-၇၃၇၃၅၀၀၀၊ ၀၉-၄၅၀၂၃၄၀၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ရွှေးဟောင်းသမိုင်းဝင်ကော့ဂွန်းဂူသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လေ့လာ

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူသို့ ပြည်တွင်းခရီးသွားဧည့်သည်များသာမက နိုင်ငံခြားခရီးသွားဧည့်သည်များပါ နေ့စဉ်လာရောက်လျက်ရှိကြောင်း သိရသည်။

"ရှေးဟောင်းသမိုင်းဝင်း ကော့ဂွန်းဂူကို လာရောက်လည်ပတ်လေ့လာသူတွေထဲမှာ ပြည်တွင်းခရီးသွားဧည့်သည်တွေသာမက နိုင်ငံခြားခရီးသွားဧည့်သည်တွေလည်း နေ့စဉ်လာရောက်လေ့လာကြတယ်။ တချို့နိုင်ငံခြားခရီးသွားဧည့်သည်တွေက ဧည့်လမ်းညွှန်လုပ်တဲ့သူ ပါလာပေမယ့် တချို့ကတော့ လမ်းညွှန်စာအုပ်ကို အားကိုးပြီးလာကြတယ်။ လမ်းညွှန်စာအုပ်ကိုအားကိုးပြီး လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေအတွက် လိုအပ်တဲ့အကူအညီရှိရင် ဒေသခံတွေက ဝိုင်းဝန်းကူညီကြတာမျိုးရှိတော့ ခရီးသွားဧည့်သည်တွေ စိတ်အေးချမ်းသာစွာနဲ့ အဆင်ပြေပြေ လည်ပတ်လေ့လာနိုင်တာပေါ့"ဟု ကော့ဂွန်းကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ကော့ဂွန်းဂူကို လည်ပတ်လေ့လာပြီးနောက် ကမ္ဘာ့ရှားပါးလင်းနို့မျိုးစိတ်များ ကျက်စားနေထိုင်သည့် ကျွဲမင်းဂူကိုလည်း ယင်းဂူအနီးတွင်ပင် တစ်ဆက်တည်း ဝင်ရောက်လေ့လာနိုင်သည်။

ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူအတွင်းမှ မွန်ဘာသာဖြင့် ရေးထိုးထားသည့် သထုံမြို့ရှေးဟောင်းသမိုင်းကျောက်စာကို ရှာဖွေတွေ့ရှိခဲ့ပြီး ကော့ဂွန်းဂူအတွင်း ကျောက်နံရံများတွင် မြေမီးဖုတ် အုတ်ခွက်ဗုဒ္ဓဆင်းတုတော်များ၊ ထုံးကျောက်သားကို ပုံဖော်ထွင်းထုထားသည့် ရုပ်လုံးရုပ်ကြွများ၊ သဲကျောက်ကိုထွင်းထုထားသည့် ဘာသာရေးဆိုင်ရာ ကျောက်ဆစ်ရုပ်တုများနှင့်အတူ ဆေးရေးစာ၊ မင်စာ၊ ကျောက်စာ၊ ရှေးဟောင်း မွန်စာ အရေးအသားတို့ကို လေ့လာတွေ့ရှိနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်၍ သာဝတ္ထိမြို့ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု တတိယအဆင့် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် စမတောင်ရှိ ကလေး၊ လူငယ်ဦးရေ ၆၀၀ ကျော်တို့၏ စားဝတ်နေရေး၊ ပညာရေးတို့တွင် အထောက်အပံ့ဖြစ်စေရန် ငွေကျပ်သိန်း ၁၀၀ ကို မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် ကျောင်းအုပ်ဆရာတော် ဦးဉာဏိန္ဒထံ ဖေဖော်ဝါရီ ၁၄ ရက်က လှူဒါန်းစဉ်။

**(ကြေးမုံ)**

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၂၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သန်း ၁၆၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မောင်းမကန်-ပန်းတင်အင်းကွန်ကရစ်လမ်း(ရွာထိပ်)(ပေ ၃၁၀၀ × ၁၈ ပေ × ၈ လက်မ) ခွင့်ပြုငွေကျပ် ၁၂၅ သန်း၊ မောင်းမကန်-ပန်းတင်အင်းကွန်ကရစ်လမ်း(ရွာတွင်း)(ပေ ၁၂၀၀ × ၁၂ ပေ × ၈ လက်မ) ခွင့်ပြုငွေကျပ် ၃၅ သန်း စုစုပေါင်း ကွန်ကရစ်လမ်း အရှည် ပေ ၄၃၀၀ အတွက် ခွင့်ပြုငွေကျပ်သန်း ၁၆၀ ဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ထို့နောက် လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို ဖေဖော်ဝါရီ ၁၅ ရက်က ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေသိန်း၊ လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်ဝင်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာများ၊ ရပ်မိရပ်ဖများက ကွင်းဆင်း၍ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးခဲ့သည်။

**(ခရိုင်ပြန်/ဆက်)**

## တိမ်ကောနေသော ချောင်း၊ မြောင်းများ ပြန်လည်တူးဖော်ခြင်းကြောင့် ဒေသခံတောင်သူများ ဝမ်းသာ

**သုံးခွ ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လာမည့်မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှု လျော့ကျစေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တိမ်ကောနေသော ချောင်းကော၊ မြောင်းကောများအား ပြန်လည်တူးဖော်ဆောင်ရွက်လျက်ရှိရာ လယ်ယာမြေစိုက်ပျိုးကြသည့် ဒေသခံတောင်သူများ ရေကြီးနစ်မြုပ်မှုဒဏ်မှ ကင်းဝေးကြတော့မည်ဖြစ်ပြီး အဆင်ပြေလွယ်ကူချောမွေ့တော့မည်ဖြစ်၍ ဒေသခံတောင်သူများ ဝမ်းသာကြည်နူးလျက်ရှိကြောင်း သိရသည်။

သုံးခွမြို့နယ်တွင်နေထိုင်သော ဒေသခံ ဦးဟန်တင်က "ကျွန်တော်တို့ သုံးခွမြို့နယ် တစ်မြို့နယ်လုံးမှာ ရှေးယခင်ကဆိုရင် ရေငန်လွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရပါတယ်။ အဲဒါကြောင့် ဆည်မြောင်းဦးစီးဌာနကနေ ရေငန်တားတမံများ ပြုလုပ်ပေးပြီး လိုအပ်တဲ့နေရာတွေမှာ ရေတံခါးတွေ တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဒေသခံတွေအတွက်လည်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဒေသမှာ သဘာဝချောင်းမြောင်းတွေဟာ နည်းလမ်းအမျိုးမျိုးနဲ့ တိမ်ကောလာခဲ့တာကြောင့် ရေကြီးနစ်မြုပ်မှုတွေ ဖြစ်ပေါ်ခဲ့ရတဲ့အတွက် မြို့နယ်အတွင်းမှာရှိတဲ့ အဓိကကျတဲ့ ဆည်မြောင်းတွေကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြန်လည်တူးဖော်ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် လာမယ့်မိုးရာသီကာလမှာ ရေကြီးနစ်မြုပ်မှုတွေ သိသိသာသာ လျော့ကျလာမှာဖြစ်တာမို့ ကူညီဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

အဆိုပါ သုံးခွမြို့နယ်မှာ ဧရိယာအကျယ်အဝန်းအားဖြင့် ၃၂၂ ဒသမ ၅၈ စတုရန်းမိုင် ကျယ်ဝန်းပြီး ရှေးယခင်က ရေနက်ကွင်းဒေသများ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

ပင်လယ်ဘက်မှ ရေငန်ဝင်ရောက်မှုကိုလည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပင်လယ်ကမ်းပတ်တာများ တည်ဆောက်ပေးခဲ့ပြီး လိုအပ်သောနေရာများ၌ ရေတံခါးများ တပ်ဆင်ပေးခဲ့ကာ ပင်လယ်ရေ တိုက်ရိုက်ဝင်ရောက်မှုကို တားဆီးကာကွယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကုန်းတောဇွန်း ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး ဦးသက်လွင်က "ကျွန်တော်တို့ ဒေသမှာ ကြာမြင့်စွာတိမ်ကောခဲ့ရတဲ့နေရာကို တာဝန်ရှိသူတွေက တူးမြောင်းဖောက်ချောင်းတွေ တူးဖော်ပေးခဲ့ပါတယ်။ တစ်ဆက်တည်းမှာရှိတဲ့ ဂတုံးပေါ်ကွင်းက စီးဆင်းလာတဲ့ ကွင်းရေတွေကို ထုတ်နုတ်ပေးမယ့် မရမ်းချောင်းကိုလည်း ဆက်လက်တူးဖော်ပေးမှာ သိရတဲ့အတွက် ကျွန်တော်တို့ ဒေသမှာရှိတဲ့ ဒေသခံတောင်သူတွေဟာ အခုဆို ဝမ်းသာနေကြပါတယ်။ စစ်ကုန်းတောဇွန်းကျေးရွာအုပ်စုမှာရှိတဲ့ ရွာအားလုံးအပါအဝင် ရွာပေါင်း ၂၀ နီးပါးက တောင်သူတွေရဲ့ လယ်စိုက်ခင်းတွေဟာ ဒီနှစ် မိုးရာသီမှာ ရေကြီးနစ်မြုပ်မှုဒဏ်က ကင်းဝေးရပါပြီ"ဟု ပြောသည်။

သုံးခွမြို့နယ်အတွင်းရှိ ကျားဘိုကျေးရွာ၊ တောဇွန်းကျေးရွာ၊ တူးမြောင်းကျေးရွာ၊ သစ်ဝင်ဆိပ်ကျေးရွာအနီးရှိ လယ်မြေဧက ၆၀၀ ကျော်မှာ နှစ်စဉ်မိုးရာသီကာလ၌ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရသောကြောင့် မိုးစပါးများ ထိခိုက်မှုများမှ ကာကွယ်ရေးအတွက် တူးမြောင်းဖောက်ချောင်းအား တူးဖော်ခဲ့ခြင်းဖြစ်ကာ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက အဆိုပါ ကျေးရွာများရှိ ပိုလျှံရေများအား တူးမြောင်းဖောက်ချောင်းမှတစ်ဆင့် ကဒပ္ပနချောင်းကြီးအတွင်းသို့လည်းကောင်း၊ ပိုက်ဆီးချောင်း ပိုက်ဆီးရေတံခါးမှတစ်ဆင့် မုတ္တမပင်လယ်ကွေ့အတွင်းသို့လည်းကောင်း ကောင်းစွာ ရေထုတ်နုတ်ပေးနိုင်တော့မည် ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

တူးမြောင်းကျေးရွာမှ ဒေသခံ ဦးရွှေအိတ်ကလည်း "ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၁၈၀ ရှိပါတယ်။ ခုလိုတူးမြောင်းတူးဖော်ပေးလိုက်တာဆိုတော့ မိုးရာသီကာလစပါးစိုက်ပျိုးမှုအဆင်ပြေစေရပါပြီ။ ချောင်းထဲမှာ ရေရှိနေရင် လမ်းပန်းဆက်သွယ်ရေးကအစ ချောင်းထဲကနေ လှေနဲ့သွားလာနိုင်တော့မှာမို့ အဆင်ပြေစေရပါတယ်"ဟု ပြောသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သုံးခွမြို့နယ်အတွင်း တိမ်ကောနေသော အလျား ၅၉ ဒသမ ၉၇ မိုင်ဖြစ်သည့် ချောင်းကော၊ မြောင်းကော ၁၅ ခုအား တူးဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော သုံးခွမြို့နယ်အပါအဝင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံ့တေး၊ ဒလမြို့နယ်တို့မှ အလျား ၁၆၄ ဒသမ ၇၂ မိုင် အရှည်ရှိသည့် တိမ်ကောနေသော ချောင်းကော၊ မြောင်းကော ၅၉ ခုအား မိုးရာသီမတိုင်မီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**(စိုးဝင်း-MLA)**



သုံးခွမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုလျော့ကျစေရေးအတွက် တိမ်ကောနေသော ချောင်း၊ မြောင်းများ ပြန်လည်တူးဖော်ဆောင်ရွက်စဉ်။

# ဆက်တန်ကိုအနိုင်ရရှိကာ အာဆင်နယ် အက်ဖ်အေဖလားကွာတားတက် တိုက်စစ်မှူး ဝဲလ်ကော့ အာဆင်နယ်အတွက် ဂိုး(၁၀၀)ပြည့်သွင်းယူနိုင်ခဲ့

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ၏ ပဉ္စမအဆင့်ပွဲစဉ်တွင် ဆက်တန်ယူနိုက်တက်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုပွဲစဉ်တွင် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်၌ ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပွဲစဉ်တွင် ပွဲထွက်ခဲ့သည့် ကစားသမားများအနက် ခုနစ်ဦးအထိ အပြောင်းအလဲလုပ်လာခဲ့ပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ်တက်ရေး ပြင်ဆင်လာခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် ပွဲကစားချိန် ၂၆ မိနစ်တွင် သွင်းယူခဲ့သည့် လူးကပ်ပီရက်ဇ်၏ သွင်းဂိုး၊ ပွဲကစားချိန် ၅၅ မိနစ်တွင် သွင်းယူခဲ့သည့် ဝဲလ်ကော့၏ သွင်းဂိုးတို့ဖြင့် ဆက်တန်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် လင်ကွန်းစီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လင်ကွန်းစီးတီးအသင်းမှာ ဘန်လေအသင်းကို အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့သည့်အသင်းဖြစ်သည်။

ဆက်တန်အသင်းနှင့် အာဆင်နယ်အသင်းတို့၏ အက်ဖ်အေဖလားပဉ္စမအဆင့်တွင် တိုက်စစ်မှူး ဝဲလ်ကော့ ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် တိုက်စစ်မှူး ဝဲလ်ကော့သည် အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ဂိုး(၁၀၀) ပြည့် သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းနှင့်အတူ ဂိုး(၁၀၀)ပြည့် သွင်းယူနိုင်ခဲ့သည့် ၁၈ ဦးမြောက် ကစားသမားလည်းဖြစ်လာခဲ့သည်။

အာဆင်နယ်အသင်းသည် လိဂ်ပြိုင်ပွဲသီးသန့်မရှိသည့် အသင်းများနှင့် အက်ဖ်အေဖလားပွဲစဉ်အဖြစ် ၁၂ ကြိမ်တွေ့ဆုံဖူးခဲ့ရာ ရှုံးပွဲမရှိခဲ့ဘဲ ၁၀ ပွဲအထိ အနိုင်ရရှိခဲ့သည့် မှတ်တမ်းဖြစ်လာခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ် ၂၀ တွင်လည်း ၁၇ ပွဲနိုင်၊ နှစ်ပွဲသရေကျထားခဲ့ခြင်းကြောင့် အာဆင်နယ်၏ သမိုင်းတွင်နောက်ဆုံးပွဲ ၂၀ တွင် တစ်ပွဲသာလျှင် ရှုံးနိမ့်ထားခဲ့သည်။

အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားကို (၁၂) ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့် အသင်းဖြစ်ရာ ယခုတစ်ကြိမ်တွင် အက်ဖ်အေဖလား ကွာတားဖိုင်နယ်တက်လှမ်းလာခဲ့ခြင်းကြောင့် အက်ဖ်အေဖလား (၁၃)ကြိမ်မြောက် ဆွတ်ခူးနိုင်မည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို မတ် ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**



# ပွဲပြီးမီးသေခဲ့သည့် မာရာကားနားကွင်းရဲ့ ဖရိုဖရဲဓာတ်ပုံများကြောင့် ကမ္ဘာ့အားကစားပရိသတ်များ အံ့သြမှင်တက်ခဲ့ရ

၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲကြီး ပြီးဆုံးပြီး ခြောက်လအကြာ မာရာကားနားကွင်းကြီး၏ လက်ရှိအနေအထား ဓာတ်ပုံများပေါ်ထွက်လာပြီးနောက် ယင်းပုံများက ကမ္ဘာ့အားကစားပရိသတ်ကို အံ့သြမှင်တက်စေခဲ့သည်။ မာရာကားနားကွင်းကြီးသည် ရီယိုအိုလံပစ်ပြိုင်ပွဲကြီး ဖွင့်ပွဲနှင့် ပိတ်ပွဲကျင်းပခဲ့သည့် အိုလံပစ် ပြယုဂ်တစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ ထိုင်ခုံများ ဖရိုဖရဲ၊ လျှပ်စစ်မီတာခပေးချေမည့်သူမရှိသည့်ဖြစ်ရပ်ကြောင့် ကွင်းကြီးတစ်ခုလုံး မှောင်အတိကျနေသလို ကြည်စိမ်းနေသည့် ရေကူးကန်များတွင်လည်း လိမ္မော်ရောင်ရေညစ်များနေရာယူထားကြပြီဖြစ်သည်။

ရီယိုမြို့ ကျူးကျော်ရပ်ကွက်များမှ ထွက်ရှိသော မိလ္လာနှင့် မစင်များရေတွင် မျောပါနေဆဲဖြစ်ရာ ယင်းအနေအထားကြောင့် အိုလံပစ်ပြိုင်ပွဲမကျင်းပမီ သန့်ရှင်းမှုပြုလုပ်ပေးမည်ဟူသော ကတိကို ချိုးဖောက်ရာရောက်ကြောင်းလည်း ဝေဖန်မှုများ ရှိနေသည်။ တောရိုင်းတိရစ္ဆာန်များတစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းစောင့်ရှောက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားသည့် ဂေါက်ကွင်းသည်လည်း သဲကန္တာရအလား ခြောက်ကပ်နေသလို အိုလံပစ်ရွာကြီးတွင်လည်း ခွေးတစ်ကောင် ကြောင်တမြီးမျှမရှိသည့် အနေအထားမျိုးရောက်ရှိနေပြီဖြစ်သည်။ ပေါင်ဘီလီယံချီ ကုန်ကျခဲ့သည့် မာရာကားနားကွင်းကြီး၏ ဓာတ်ပုံများက ဘရာဇီးနိုင်ငံ၏ အိုလံပစ်ကွင်းကြီး ထိန်းသိမ်းမှုအပေါ် မေးခွန်းထုတ်စရာ ဖြစ်နေသော်လည်း ဘရာဇီးသားများကမူ နိုင်ငံ၏ စီးပွားရေးကျဆင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုများစွာ မပြုလုပ်နိုင်ခြင်း၏ ဆိုးကျိုးများအဖြစ် ရှုမြင်ကြသည်။

လိမ္မော်ရောင်ရေဆိုးများဖြင့် ပြည့်လျှမ်းနေသည့် ရေကူးကန်များ၊ ပျက်စီးယိုယွင်းနေသည့် ထိုင်ခုံအနေအထားများကြောင့် ဘရာဇီးအမျိုးသား ဘောလုံးအသင်း ပထမဦးဆုံး ရွှေတံဆိပ်ဆွတ်ခူးခဲ့ရာ မာရာကားနားကွင်းကြီးမှာ အသရေယုတ်လျော့ခဲ့ပြီဖြစ်ကြောင်း The Sun သတင်းဌာနမှ သတင်းထောက် တက်ကေးက သုံးသပ်ခဲ့သည်။

**မေလဲ့သင်း**




# မိုနာကိုနည်းပြ ဂျာဒင် ပရီမီယာလိဂ်တွင် နည်းပြဖြစ်လာရန် ဆန္ဒရှိနေ

ပြင်သစ်ပထမတန်းပြိုင်ပွဲမှ မိုနာကိုအသင်းနည်းပြ လီယိုနာဒိုဂျာဒင်သည် ပရီမီယာလိဂ်တွင် နည်းပြဖြစ်လာ ရန်ဆန္ဒရှိနေပြီး အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးနေရာတွင် အစားထိုးနည်းပြဖြစ်လာမည်ဟုလည်း သတင်းများထွက်ပေါ်နေသည်။

"နည်းပြများနဲ့ ကစားသမားတွေဟာ အဆင့်မြင့်တန်းမှာ နည်းပြဖို့နဲ့ ကစားဖို့ဆန္ဒရှိနေကြပါတယ်။ အခုအချိန် ဟာဆိုရင် ပရီမီယာလိဂ်ဟာ ဥရောပမှာ အကြီးမားဆုံးသောပြိုင်ပွဲတစ်ရပ်ဖြစ်တာကြောင့် နည်းပြတိုင်းလိုလိုက ပရီမီယာလိဂ်မှာ နည်းပြခွင့်ရဖို့ကြိုးပမ်းနေကြပါတယ်"ဟု မိုနာကိုအသင်းနည်းပြ လီယိုနာဒိုဂျာဒင်က ပြောကြားခဲ့သည်။

မိုနာကိုအသင်းနည်းပြ လီယိုနာဒိုဂျာဒင်သည် ၂၀၂၀ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသော်လည်း ပရီမီယာလိဂ်သို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အင်္ဂလန်မြေသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ **(ငွေကြယ်)**



# ဂရစ်ဇ်မန်းအား ခေါ်ယူနိုင်ရန် မသေချာမှုကြောင့် တိုနီခရုးစ်ကို ပေါင်သန်း ၁၀၀ အသုံးပြုခေါ်ယူရန် မန်ယူကြိုးပမ်းလာပြန်

မန်ယူအသင်းသည် အက်သလက်တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူနိုင်ရန် မသေချာသည့် အနေအထားရောက်ရှိခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား တိုနီခရုးစ်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ အသုံးပြု၍ ခေါ်ယူရန် တစ်ကျော့ပြန်ပြင်ဆင်လာပြီဖြစ်သည်။ ဂရစ်ဇ်မန်းကအင်္ဂလန် ၏ ရာသီဥတုအနေအထားကြောင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် ဝန်လေးမိကြောင်း တုံ့ပြန်ထားသော်လည်း တကယ်တမ်းတွင် မန်ယူအသင်း လာမည့်ရာသီ ချန်ပီယံလိဂ် ဝင်ခွင့် ရ၊ မရ အခြေအနေပေါ်မူတည်၍သာ အသင်းပြောင်းရွှေ့ရေးကို ဆုံးဖြတ်လိုခြင်းဖြစ်သည်။ အက်သလက်အသင်း တာဝန်ရှိသူများကလည်း မိမိတို့အသင်း၏ ကြယ်ပွင့်ကစားသမားတစ်ဦးကို ဆက်လက်ထိန်းသိမ်းရန် လိုလားနေပြီး မန်ယူအသင်းမှာ ကလပ်အသင်းငယ်လေး တစ်ခုသာဖြစ်သည်ဟူသော စကားဖြင့် မန်ယူအသင်းကို ဝေဖန်တိုက်ခိုက်ခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းက ဂရစ်ဇ်မန်းကို မခေါ်ယူနိုင်လျှင် ခရုးစ်ကို အသင့်ခေါ်ယူနိုင်ရန် ယခုကတည်းက ပြင်ဆင်လာခြင်းဖြစ်သည်။ မန်ယူနည်းပြ မော်ရင်ဟိုက လာမည့်နှစ် ဘောလုံးရာသီ၌ ခရုးစ်ကဲ့သို့ ဝါရင့်ကွင်းလယ်လူတစ်ဦးကို အလိုရှိနေသည့်အတွက် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ် သုံးစွဲရန်လည်း ဝန်လေးမည်မဟုတ်ပေ။ သို့သော် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကလည်း မန်ယူအသင်းက ခရုးစ်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးပြီး ခရုးစ်က ရီးယဲလ်မက်ဒရစ်အသင်းကိုသာ ပြောင်းရွှေ့ရန် ရွေးချယ်မှုပြုခဲ့ရာ ယခုတစ်ကြိမ်လည်း မန်ယူအသင်း၏ ကြိုးပမ်းမှုအောင်မြင်ရန် အလားအလာ နည်းနေဆဲဖြစ်သည်။ ပေါလ်စခိုးကမူ ခရုးစ်မှာ ပေါ့ဘာ၊ ဟာရဲရားတို့နှင့် တွဲဖက်ကစားရန် အသင့်လျော်ဆုံးကွင်းလယ်လူဖြစ်ပြီး လာမည့်ဘောလုံးရာသီ ခရုးစ်နှင့် မန်ယူအသင်းတို့ လက်တွဲမှုကို မြင်တွေ့လိုကြောင်း ဆိုခဲ့သည်။




# ဆက်တန်အသင်းနှင့် ကလပ်အသင်းအမှတ်တံဆိပ်လဲရန် မေ့လျော့ခဲ့သည့် ဝဲလ်ကော့ကြောင့် အာဆင်နယ်အသင်း ဝေဖန်ခံနေရ

အာဆင်နယ်အသင်းခေါင်းဆောင် သီယိုဝဲလ်ကော့က ဆက်တန်အသင်းရဲ့ အမှတ်တံဆိပ်ကို လက်ခံရယူခဲ့ပေမယ့် အာဆင်နယ်အသင်းရဲ့ အမှတ်အသားတံခွန်ကို ပြန်လဲပေးဖို့ မေ့လျော့ခဲ့တာကြောင့် ဆက်တန်အသင်းခေါင်းဆောင် ဂျေမီကောလင်း မျက်နှာကြီးနီရပြီး ကျန်ရစ်ခဲ့သလို ဒါဟာ အာဆင်နယ်အသင်းအနေနဲ့ ပြိုင်ဘက်ကို လေးစားမှုလျော့နည်းတာလို့ နောက်ဆက်တွဲအနေနဲ့ ဝေဖန်ခံနေရပါတယ်။ ဝဲလ်ကော့ရဲ့ ဒီအပြုအမူကြောင့် ကောလင်းက ရှက်ရွံ့သွားပေမယ့် ဒိုင်ဖြစ်သူ မိုက်ကယ်အိုလီဗာကတော့ ဒီအခိုက်အတန့်ကို ရယ်မောခြင်းဖြင့် ပြေပျောက်စေခဲ့ပါတယ်။

ဒါပေမယ့် တွစ်တာ အသုံးပြုသူတွေကတော့ ဒါကို အမှတ်တမဲ့ ဖြစ်ရပ်လို့ မယူဆခဲ့ဘဲ"အဆင့်မရှိတဲ့ လုပ်ရပ်" "ရှက်စရာကောင်းတဲ့ လုပ်ရပ်" "လေးစားမှုလျော့နည်းတာ" စသဖြင့် အာဆင်နယ်အသင်းကို အမျိုးမျိုးစွပ်စွဲခဲ့ကြပါတယ်။ ဝဲလ်ကော့က အာဆင်နယ်အတွက် သူ့ရဲ့ ဂိုး ၁၀၀ ပြည့် သွင်းဂိုးကို ဒီပွဲစဉ်မှာ သွင်းယူနိုင်ခဲ့ပေမယ့် တွစ်တာ အသုံးပြုသူတွေကတော့ ဝဲလ်ကော့ကိုရော အာဆင်နယ်ကိုပါ ယခုလို လုပ်ရပ်အတွက် အပြင်းအထန် ပြစ်တင်ဝေဖန်ခဲ့ကြပါတယ်။

**မေလဲ့သင်း**

# နိုင်ငံခြားသားခရီးသည်များအား ဆွဲဆောင်လျက်ရှိသည့် ပျားစွဲဆင် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း



**မော်လိုက် ဖေဖော်ဝါရီ ၂၁**

နိုင်ငံခြားသားခရီးသည်များ စိတ်ဝင်တစား လာရောက်လေ့ရှိသည့် မြို့များတွင် မော်လိုက်မြို့လည်း အပါအဝင်ဖြစ်သည်။ယခုလို နိုင်ငံခြားသားခရီးသည်များ အမြဲတမ်း လာရောက် လည်ပတ်ရခြင်းမှာ မော်လိုက်မြို့တွင် အင်္ဂလိပ်လက်ထက်က ဆောက်လုပ်နေထိုင်ခဲ့ကြသည့် အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ပြည်သူ့ဆေးရုံကြီးနှင့် ဂေါက်ကွင်းများအပြင် နိုင်ငံခြားသား ခရီးသည်များကို လာရောက်လည်ပတ်စေရန် ဆွဲဆောင်ထားနိုင်သည့် မော်လိုက်မြို့မှ လေးမိုင်အကွာ၊ မော်ကူးကြီးပြင်ကာကွယ်တော၊ မော်လိုက်-ပြောင်ဘုတ်-စော်ဘွားရေရှင်ကားလမ်းမကြီးဘေးတွင် ဖွင့်လှစ်တည်ရှိနေသည့် ပျားစွဲဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။

နိုင်ငံခြားသားခရီးသည်အများစုသည် မော်လိုက်မြို့သို့ အလည်အပတ်ရောက်ရှိလာလျှင် မြို့တွင်းရှိ အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ထားခဲ့သည့် အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ စုပေါင်း ရုံးကြီးနှင့် ပျားစွဲဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ သွားရောက်လေ့လာလည်ပတ်ကြသည်။

"ကျွန်တော်တို့ ဒီပျားစွဲဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို လာရောက်စိတ်အပန်းဖြေရာမှာ ဝန်ဆောင်ခများအဖြစ် စခန်းဝင်ကြေး တစ်ဦးလျှင် ကျပ် ၁၀၀၀ ဖြစ်ပြီး နိုင်ငံခြားသားတစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းသတ်မှတ်ပေးထားကာ ဆင်စီးခြင်းအတွက် (စခန်းတွင်း ခရီးတို) ပြည်တွင်းတစ်ဦးကို ကျပ် ၃၀၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင်ကျပ် ၂၀၀၀၀ တို့ကို သတ်မှတ်ပေးထားပါတယ်။ တခြားဝန်ဆောင်မှုအနေနဲ့ ဆင်တွေလုပ်ငန်းဝင်ပုံ၊ ဆင်ရေချခြင်း၊ အစာများကျွေးမွေးခြင်း၊ ဆင်ကရိယာ ကကြိုးတန်ဆာများ တပ်ဆင်ပြသခြင်းနှင့် ဆင်အကြောင်းအရာ ဗဟုသုတဖြစ်ဖွယ်ပြောပြခြင်းတွေကို ဝန်ဆောင်မှုအဖြစ် စီစဉ်ဆောင်ရွက်ပေးထားပါတယ်'ဟု ဆင်စခန်းတာဝန်ခံ ဦးမောင်နိုင်ကပြောသည်။

ပျားစွဲ ဆင်ထိန်းသိမ်းစောင့် ရှောက်ရေးစခန်းသို့ ယခင်က နိုင်ငံခြားသားခရီးသည်အများစုသာ လာရောက်လေ့လာမှု အများဆုံးဖြစ်ပြီး ယခုနှစ်တွင်မူ မော်လိုက်မြို့ရှိ ပြည်သူများပါ လာရောက်လေ့လာပြီး နိုင်ငံခြားသားခရီးသည်များလည်း အရင်နှစ်များထက် ပို၍ လာရောက်လည်ပတ်ကြသည်ဟု သိရသည်။

"ကျွန်တော်တို့ ပျားစွဲဆင်စခန်းကို ဟိုအရင်နှစ်တွေက မြို့ထဲကပြည်သူတွေက သိပ်မလာကြပါဘူးဗျ။ နိုင်ငံခြားသားခရီးသည်များသာ လာရောက်ကြတာများတယ်။ အခုတော့ ယခုလို ဆင်စခန်းကို ဖွင့်လှစ်ပေးလိုက်ပြီးတော့ မော်လိုက်မြို့ပေါ်ရှိ ပြည်သူတွေပါ လာရောက်လေ့လာသည်များကို တွေ့ရပါတယ်။ သူတို့တွေလာရင် ဆင်ရေချတာတွေ၊ လုပ်ငန်းဝင်ပုံတွေကို ကြည့်ရှုလေ့လာကြတယ်၊ နောက် ဆင်တွေစီးတယ်၊ အစာတွေကျွေးပြီး ဆင်များနှင့် အမှတ်တရမှတ်တမ်းဓာတ်ပုံတွေရိုက်ကြနဲ့ သူတို့တွေအတော်လေး သဘောကျကြတယ်ဗျ။ ဒါကလည်း ကိုယ့်မော်လိုက်မြို့ရဲ့ ဂုဏ်ယူစရာတစ်ခုပဲပေါ့ဗျာ' စခန်းတာဝန်ခံ သစ်အုပ်ဦးစောဝါးဝါးက ပြောသည်။

ပျားစွဲဆင်ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းတွင် ပြသထားရှိသည့် ဆင်အကောင်ရေမှာ ဆင်အကြီးရှစ်ကောင်နှင့် ပြီးခဲ့သည့်နှစ် ခြောက်လပိုင်းက မွေးဖွားခဲ့သည့်ဆင်ကလေးအပါအဝင် စုစုပေါင်း ကိုးကောင်ကိုပြသပေးလျက်ရှိသည်။

ဆင်စခန်းကို နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဖွင့်လှစ်ပေးထားပြီး (စနေ၊ တနင်္ဂနွေ) ရုံးပိတ်ရက်များတွင် ညနေ ၃ နာရီမှ ညနေ ၅ နာရီထိ ဆင်ကြည့်ရှုလေ့လာနိုင်ရန် ထပ်မံစီစဉ်ဆောင်ရွက်ပေးထားကြောင်းသိရသည်။

**မော်လိုက်သားလေး**

# လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးဆွေးနွေး

**ပေါက် ဖေဖော်ဝါရီ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီအစည်းအဝေးကို ပခုက္ကူခရိုင် ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ပထမနှစ်စက်ဝန်း) အတွင်း စီမံကိန်းကျေးရွာအုပ်စုများမှ တင်ပြလာသော စီမံကိန်းလုပ်ငန်းခွဲများ အတည်ပြုဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြပြီး ပေါက်မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ဥက္ကဋ္ဌ ဦးကျော်စွာအုန်းက လူထုဗဟိုပြုစီမံကိန်း၏ လုပ်ငန်းခွဲများ အတည်ပြုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာလုပ်ငန်းများနှင့် ထပ်တူဆောင်ရွက်မှုရှိစေရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) အတွင်းရေးမှူး ဦးဝင်းဇော်ဦးက ကျေးရွာအုပ်စု ၂၅ အုပ်စု၊ ကျေးရွာပေါင်း ၃၆ ရွာရှိ လုပ်ငန်းခွဲပေါင်း ၆၁ ခုအား ဆောင်ရွက်နိုင်ရေး တင်ပြဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက စီမံကိန်းကျေးရွာများမှတင်ပြလာသော လမ်းပြုပြင်ခြင်း ၁၈ ခု၊ ရေကာတာဆောက်လုပ်ခြင်း နှစ်ခု၊ စာသင်ကျောင်းပြင်ဆင်တိုးချဲ့ခြင်း ၁၇ ခု၊ ကျောင်းအိမ်သာ ဆောက်လုပ်ခြင်း နှစ်ခု၊ ကျေးရွာမီးလင်းရေးလုပ်ငန်း လေးခု၊ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးလုပ်ငန်း ၁၄ ခု၊ KG ကျောင်းဆောင်တိုးချဲ့ပြုပြင်ခြင်း တစ်ခု၊ ကျေးရွာစာကြည့်တိုက်ပြုပြင်ခြင်း တစ်ခု၊ ရွာလယ်နားနေဆောင် ပြုပြင်ခြင်း တစ်ခု၊ ကျေးလက်ဆေးခန်း ပြုပြင်တိုးချဲ့ခြင်းလုပ်ငန်း တစ်ခုတို့အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ(ဆင့်ပွား)သင်တန်းဖွင့်ပွဲကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ(ဆင့်ပွား) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါရုံး ဒုတိယထပ် သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးဝင်းမြိုင်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသားများအနေနှင့် သင်တန်းစည်းကမ်းနှင့် သင်တန်းနည်းပြဆရာများက သင်ကြားပေးသည်များကို လေးစားလိုက်နာပြီး အထူးသင်ယူမှတ်သားကြစေလိုကြောင်းထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းခရိုင်အတွင်း စစ်ကိုင်း(မြင်းမူ)နှင့်မြောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၁၄ ဦးတက်ရောက်ခဲ့ပြီး သင်တန်းတွင် အခြေခံသတင်းရေးသားနည်း၊ ရုံးစာရေးသားနည်း၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်း၊ ပြည်သူ့စာကြည့်တိုက်များစီမံခန့်ခွဲရေး၊ တီထွင်ဆန်းသစ်သော စာကြည့်တိုက် စီမံခန့်ခွဲရေး၊ သတင်းမီဒီယာနှင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ နည်းဥပဒေများကို ဖေဖော်ဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# ရပ်ကွက်(၆) တပ်မတော်လမ်းအား ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းဆောင်ရွက်

**ကသာ ဖေဖော်ဝါရီ ၂၁**

ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ရပ်ကွက် (၆)တပ်မတော်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကတ္တရာခင်းသည့် တပ်မတော်လမ်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်ငွေလုံးငွေရင်းအသုံးစရိတ်တွင် မြို့ပြလမ်းပြုပြင်ခြင်းလုပ်ငန်းတွင် ပါဝင်ခြင်းမရှိခဲ့သော်လည်း လမ်းပေါက်ဖာထေးရန် လျာထားငွေကျပ်သိန်း ၅၀ ဖြင့် အဆိုပါလမ်းအား ပြင်ဆင်နေခြင်းဖြစ်ကြောင်းနှင့် လမ်းအရှည်ပေ ၃၀၀ကျော်ခင်းမည်ဖြစ်ကြောင်း အင်ဂျင်နီယာ AE ဦးကြာလင်းထံမှ သိရသည်။

ယင်းတပ်မတော်လမ်းသည် တစ်ချိန်က ကသာမြို့တွင်အကောင်းဆုံးလမ်းဖြစ်ကြောင်းသိရှိရပြီး စုစုပေါင်း လမ်းအရှည်ပေ ၂၂၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တပ်မတော်လမ်းအား ငွေကျပ်သိန်း ၁၈၀အကုန်ကျခံ၍ ပေ ၁၀၀၀ ကျော်ပြုပြင်ခင်းကျင်း ထားပြီးဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ပေ ၉၀၀ ကျော်အား ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဝေကပြောသည်။

**မြင့်ကေခိုင်(ပြန်/ဆက်)**

# အသေးစားဆိုလာလျှပ်စစ်ဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်မည်

**ဟသ်ာတ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းတွင် ပါဝင်သည့် ရေလယ်သောင်ကျွန်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၅ ရက်က အသေးစားဆိုလာလျှပ်စစ်ဖြင့် မီးလင်းရေးဆောင်ရွက်မည့် အစီအစဉ်များကို ပြည်သူများနှင့် တွေ့ဆုံရှင်းလင်းပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးက အမှာစကားပြောကြားပြီး ဟင်္သာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးဦးအောင်သက်ဦးနှင့် Mega Global Green Automation ကုမ္ပဏီ ဒါရိုက်တာ ဦးသိန်းထိုက်တို့က အသေးစားဆိုလာလျှပ်စစ်မီးလင်းရေးလုပ်ငန်း(Solar Mini Grid System) ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကုမ္ပဏီနှင့် ကျေးရွာနေပြည်သူများအကြား သဘောတူညီမှုရရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြပြီး တာဝန်ရှိသူများက အသေးစားဆိုလာလျှပ်စစ်ထားရှိမည့်မြေနေရာတို့အား ကြည့်ရှုခဲ့ကြောင်းသိရသည်။

မီးလင်းရေး(NEP) စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်မှ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီနှင့် ပြည်သူမှ ၂၀ ရာခိုင်နှုန်း အချိုးကျထည့်ဝင်ကာ ဟင်္သာတမြို့နယ်တွင် ကနဦးဆောင်ရွက်မည့် အသေးစားဆိုလာလျှပ်စစ်မီးလင်းရေး လုပ်ငန်းဖြစ်ကြောင်း ဟင်္သာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# သရုပ်ဆောင်တစ်ယောက်ဖြစ်လာခဲ့ရတဲ့ အကြောင်းအရင်းကိုဖွင့်ဟလာတဲ့ ဂျက်ဆီကာဂျန်း

အနုပညာခရီးကို စတင်ခဲ့စဉ်က တေးသံရှင်တစ်ဦးအဖြစ် တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လှုပ်ရှားခဲ့တဲ့ ဂျက်ဆီကာဂျန်းဟာ နောက်ပိုင်းမှာတော့ သရုပ်ဆောင်နယ်ပယ်ဘက်ကိုရောက်ရှိလာခဲ့ပြီး ရှေ့ဆက်မယ့် သူ့ရဲ့အနုပညာခရီးမှာ သရုပ်ဆောင်တစ်ဦးအဖြစ် ရှေ့ဆက်သွားဖို့ အစီအစဉ်တွေရှိနေတာဖြစ်ပါတယ်။ ဒီလိုတေးသံရှင်တစ်ဦးအဖြစ်မှ သရုပ်ဆောင်မင်းသမီးအဖြစ် အသက်မွေးဝမ်းကျောင်းဖို့ ရွေးချယ်ခဲ့ရတဲ့ အကြောင်းအရင်းနဲ့ပတ်သက်ပြီး ဂျက်ဆီကာက လတ်တလောမှာ ဖွင့်ဟပြောကြားခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၀ ရက်မှာ ဂျက်ဆီကာဟာ ကွန်ပိုဇစ်ရှင်း မဂ္ဂဇင်းရဲ့ မတ်လထုတ်မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံတွေနဲ့ အလှပုံတွေကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှာ သွားရောက်ရိုက်ကူးခဲ့ပြီး အဆိုပါမဂ္ဂဇင်းမှာ ဂျက်ဆီကာရဲ့ အင်တာဗျူးတစ်ခုလည်း ပါဝင်နေတာဖြစ်ပါတယ်။ အဆိုပါအင်တာဗျူးမှာတော့ ဂျက်ဆီကာက သူ့ရဲ့လတ်တလောအနုပညာလှုပ်ရှားမှုတွေနဲ့အတူ သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာနယ်ပယ်အတွင်း စတင်ဝင်ရောက်ရပ်တည်ဖို့ ဆုံးဖြတ်ခဲ့ရတဲ့အကြောင်းအရင်းကိုလည်း ဖွင့်ဟခဲ့တာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါအင်တာဗျူးမှာ ဂျက်ဆီကာက "ကျွန်မဟာ တကယ်ကို စူးစမ်းတတ်တဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ ကံကောင်းစွာနဲ့ပဲ ကျွန်မ ဘဝမှာ တကယ်ကိုအံ့ဩစရာကောင်းတဲ့ အခွင့်အရေးတစ်ခုရခဲ့တယ်။ အဲဒါကတော့ ကျွန်မကို တရုတ်ရုပ်ရှင်နှစ်ကားမှာ ပါဝင်သရုပ်ဆောင်ပေးဖို့ လာရောက်ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်က ကျွန်မအတွက် လက်ခံရိုက်ကူးပေးဖို့ သရုပ်ဆောင်တဲ့ အတတ်ပညာပိုင်းမှာ တိုးတက်မှုတွေလိုနေသေးတယ်ဆိုတာတော့ သိပါတယ်။ ဒါပေမယ့်လည်း ကျွန်မရတဲ့ ဘယ်အခွင့်အရေးကိုမဆို မစွန့်လွှတ်ချင်ဘူးလေ။ ကျွန်မဆက်လက်သင်ယူခဲ့ချင်တယ်" လို့ သူ့ရဲ့ သရုပ်ဆောင်နယ်ပယ်အတွင်း စတင်ခြေချဖြစ်ခဲ့ပုံကို ပြောကြားခဲ့ပါတယ်။

ဂျက်ဆီကာရဲ့ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခွင့်ရခဲ့တဲ့ လတ်တလောမှာ ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်ရှင်တွေကတော့ "Two Bellmen 3"၊ "I Love That Crazy Little Thing" နဲ့ "My Other Home: Beijing" တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

ဆက်လက်ပြီး လတ်တလောမှာ သရုပ်ဆောင်တစ်ဦးအဖြစ် သာမက တေးရေးနဲ့ အောင်မြင်တဲ့ အဝတ်အစားအမှတ်တံဆိပ်တစ်ခု ဖြစ်တဲ့ BLANC & ECLARE ကို ထုတ်လုပ်ခဲ့တဲ့ ဂျက်ဆီကာက သူ့ရဲ့ အမြဲတမ်းတက်ကြွလန်းဆန်းနေအောင် နေထိုင်နည်းနဲ့ ပတ်သက်ပြီးလည်း ဖွင့်ဟပြောကြားလာခဲ့ပါတယ်။ ဂျက်ဆီကာရဲ့အဆိုအရ သူဟာ အားအင်သစ်တွေရဖို့အတွက် ခရီးသွားလေ့ရှိကြောင်း၊ အလုပ်ကိစ္စတွေနဲ့ ခရီးသွားရတဲ့အခါမှာလည်း အလုပ်တွေကိုခဏမေ့ထားကာ ရောက်နေတဲ့အရပ်ဒေသရဲ့ ပတ်ဝန်းကျင်အခြေအနေ၊ မြင်ကွင်းတွေ၊ ဒေသခံတွေနဲ့ လေထုတွေကိုခံစားရင်း အားလပ်ရပ်ခရီးထွက်လာသကဲ့သို့ တွေးပြီး ပျော်ရွှင်နိုင်အောင်ကြိုးစားကြောင်း ဖွင့်ဟခဲ့ပါတယ်။

လတ်တလောမှာတော့ ဂျက်ဆီကာဟာ တေးသီချင်းတစ်ပုဒ်ကို ရေးသားဖန်တီးလျက်ရှိပြီး မိသားစုဝင်တွေနဲ့အတူ အပျော်ခရီးတွေလည်း မကြာခဏထွက်ခဲ့ကြောင်းနဲ့ ပြည်ပမှာ ပြုလုပ်တဲ့အခမ်းအနားတွေကိုလည်း တက်ရောက်ခဲ့ကြောင်း သူ့ရဲ့လက်ရှိအနုပညာလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး အဆိုပါအင်တာဗျူးမှာ ဖြေကြားခဲ့ကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## အနုပညာသက်တမ်း နှစ် ၂၀ ပြည့် အထိမ်းအမှတ်ပွဲကျင်းပသွားမယ့် ဆိုဂျီဆပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ဆိုဂျီဆပ်ဟာ သူ့ရဲ့အနုပညာခရီးလမ်း စတင်ခဲ့တဲ့ နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲ အခမ်းအနားတစ်ရပ် ကျင်းပသွားရန် စီစဉ်ထားကြောင်း ကိုရီးယား အပ်ဒိတ်ထ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရုပ်သံအစီအစဉ်တွေမှာ ပါဝင် သရုပ်ဆောင်ခဲ့တဲ့ သရုပ်ဆောင်တစ်ဦးအဖြစ်မှသည် အောင်မြင်တဲ့ ထိပ်တန်းမင်းသား တစ်ဦးအဖြစ် ရောက်ရှိခဲ့သည်သာမက ရက်ပ် တေးသံရှင်တစ်ဦးအဖြစ်ပါ လူသိများတဲ့ ဆိုဂျီဆပ်ဟာ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ လာမယ့်ဧပြီလအတွင်း ကျင်းပသွားရန်စီစဉ်ထားကြောင်းနဲ့ အဆိုပါအခမ်းအနားကို "Twenty" လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။


ဆိုဂျီဆပ်ရဲ့ အနုပညာခရီးကို ပြန်လည်ကြည့်ရှုရမယ်ဆိုရင် သူဟာ ၁၉၉၆ ခုနှစ်မှာ သရုပ်ဆောင်တစ်ဦး အဖြစ် စတင်လှုပ်ရှားခဲ့တာပါ။ သူ ပထမဆုံး ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်ကတော့ " Three Guys and Three Girls" ဖြစ်ပြီး အဆိုပါရုပ်ရှင်မှာ ဆိုဂျီဆပ်ဟာ ကမ်ချူဆိုးနေရာက ပါဝင်သရုပ်ဆောင်ခဲ့ကာ ယင်းဒရမ်မာဇာတ်လမ်းအပြီးမှာ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေဟာ ပုံမှန်လေးတိုးတက်လာခဲ့တာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်မှာ ရိုက်ကူးခဲ့တဲ့ "Glass Slippers" (ဖန်ခြေနင်းနဲ့ ယမင်းရွှေစင်) ရုပ်ရှင်မှာ ဒုတိယဇာတ်လိုက်အဖြစ် ပါဝင်ခွင့်ရခဲ့ပြီး အဲဒီနောက်မှာတော့ "What Happened in Bali" (ဘာလီကျွန်းက ချစ်ပုံပြင်) ရုပ်ရှင်ကို ရိုက်ကူးခဲ့ကာ ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ် အတွင်းရိုက်ကူးခဲ့တဲ့ ဆိုဂျီဆပ်ရဲ့ ရုပ်ရှင် "I'm Sorry, I Love You" (ချစ်မိတဲ့အတွက် တောင်းပန်ပါတယ်) ရုပ်ရှင်ကတော့ အထူးအောင်မြင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်အတွင်းမှာလည်း ဆိုဂျီဆပ်ဟာ ဂိုဟိုဂျင်နဲ့တွဲဖက်ပြီး "Master's Sun" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ကာ ပရိသတ်တွေရဲ့ ချစ်ခင်အားပေးမှုကို တစ်ခဲနက်ရရှိခဲ့ပါတယ်။ ဆိုဂျီဆပ် နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင် "Oh My Venus" ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဆိုဂျီဆပ်ဟာ ရုပ်ရှင်ကားပေါင်းများစွာမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပြီး သူ့ရဲ့အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားကတော့ ၂၀၀၂ ခုနှစ်က ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင် "Can't Live Without Robbery" ဖြစ်ပြီး လတ်တလောမှာလည်း "Descendants of the Sun" ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသား ဆောင်ဂျွန်ကီ၊ မင်းသား ဟွန်ဂျန်မင်းတို့နဲ့ တွဲဖက်ကာ "Battleship Island' "ရုပ်ရှင်ကို ရိုက်ကူးလျက်ရှိပြီး အဆိုပါရုပ်ရှင်ကိုတော့ ယခုနှစ်အတွင်း စတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဆိုဂျီဆပ်ဟာ သူ့ရဲ့ အနုပညာသက်တမ်းနှစ် ၂၀ ပြည့် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို လာမယ့် ဧပြီ ၇ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါတွေ့ဆုံပွဲဟာ ဆိုဂျီဆပ်ရဲ့ အနုပညာသက်တမ်းတစ်လျှောက် အင်ဒိုနီးရှားနိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ ပရိသတ်တွေနဲ့ ပထမဆုံးအကြိမ် တွေ့ဆုံပွဲတစ်ခုဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

■





## ပစ်ထ်ဘူးလ်နဲ့ တေးသီချင်းသစ်တွေဖန်တီးနေတဲ့ ကမ်မီလာကပ်ဘဲလို

ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ကမ်မီလာကပ်ဘဲလိုဟာ ယခင်က အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fifth Harmony"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပြီး ယခုအချိန်မှာတော့ အဖွဲ့ကနုတ်ထွက်ခဲ့ပြီးဖြစ်ကာ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ဂီတလှုပ်ရှားမှုတွေကို စတင်လာခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တေးသံရှင်တစ်ဦးဖြစ်တဲ့ ကတ်ရှ်မယ်ရီကတ်ထ်နဲ့အတူ ဖန်တီးထားတဲ့ သူ့ရဲ့ တေးသီချင်းတစ်ပုဒ်ကို ကမ်မီလာကပ်ဘဲလိုက စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူဟာ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ပစ်ထ်ဘူးလ်နဲ့ တေးဂီတတွေကို အတူဖန်တီးလျက်ရှိကြောင်း အမ်တီဗွီဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ ကမ်မီလာကပ်ဘဲလိုက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် စတူဒီယိုတစ်ခုအတွင်း သူနဲ့ပစ်ထ်ဘူးလ်တို့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ထုတ်ဖော်ပြသခဲ့တာဖြစ်ပြီး အဆိုပါဓာတ်ပုံမှာ သူတို့နှစ်ဦးအပြင် ကိုလံဘီယာလူမျိုး ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျေဘော်ဗင်လည်း ပါဝင်နေတာကြောင့် ကမ်မီလာကပ်ဘဲလိုရဲ့ နောက်ထပ်တေးသီချင်းသစ်တွေဟာ ပစ်ထ်ဘူးလ်နဲ့ ဂျေဘော်ဗင်တို့နဲ့ တွဲဖက်ဖန်တီးထားတဲ့ လက်ရာတွေဖြစ်လာနိုင်ကြောင်း အဆိုပါမီဒီယာက ဝေဖန်ခဲ့ပါတယ်။

အဆိုပါဓာတ်ပုံနဲ့အတူ အခြားသောဓာတ်ပုံတစ်ပုံကိုလည်း ကမ်မီလာကပ်ဘဲလိုက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံမှာတော့ ကမ်မီလာကပ်ဘဲလိုဟာ သူ့ရဲ့မွေးရပ်ဇာတိမြေ ကျူးဘားနိုင်ငံရဲ့ အလံကိုကိုင်ထားရင်း ဟာဗားနားမြို့ရဲ့ လမ်းတစ်လမ်းပေါ်မှာ ရိုက်ကူးထားတာတွေ့ခဲ့ရပါတယ်။

လတ်တလောမှာလည်း ကမ်မီလာကပ်ဘဲလိုဟာ သူ့ရဲ့ တေးဗီဒီယိုရိုက်ကူးရေးအတွက် ပစ်ထ်ဘူးလ်၊ ဂျေဘော်ဗင်တို့နဲ့အတူ မိုင်ယာမီသို့ ရောက်ရှိနေကြောင်းလည်း သိရပါတယ်။

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

**ပြဿနာကို မီးထွန်းရှာနေတဲ့ ဘာလော့တယ်လီ၊ ဖိနပ်ကြောင့်လား အဂူရိုကြောင့်လားလို့ မေးခွန်းထုတ်ခံနေရတဲ့ ဂျီးဆပ်ဇ်ရဲ့ ဒဏ်ရာနောက်ကွယ်ကဖြစ်ရပ်၊ ခုတော့ ဘာလုပ်လုပ် အပြစ်တင်ခံနေရတဲ့ မန်ယူနည်းပြ မော်ရင်ဟိုစတဲ့စတဲ့ သတင်းတွေအပြင် တစ်ပတ်အတွင်း ထူးခြားမှုရှိတဲ့ အားကစားသတင်းများကို တင်ဆက်ပေးလိုက်ပါတယ်။**



## ခေတ်ကုန်သွားပြီလို့ ဝေဖန်ခံနေရတဲ့ မော်ရင်ဟိုရဲ့ကစားသမားဝယ်ယူမှုဗျူဟာ

မန်ယူနည်းပြ မော်ရင်ဟိုက အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်ကို ဝယ်ယူချင်တယ်လို့ ပြောကြားခဲ့ပြီး နှစ်လလောက်အကြာမှာပဲ နောက်ထပ်အာဆင်နယ်ကစားသမားတစ်ဦးဖြစ်တဲ့ ချိန်ဘာလိန်ကို ခေါ်ယူချင်တယ်လို့ လေသံပစ်လာပြန်ပါတယ်။ ဒါဟာ ပြိုင်ဘက်အသင်းတစ်သင်းဆီက ကစားသမားကောင်းတွေ ခေါ်ယူပြီး ပြိုင်ဘက်ကို အားနည်းအောင်လုပ်တဲ့ ဗျူဟာတစ်ရပ်ဖြစ်ပါတယ်။ ဒီနည်းဗျူဟာကို အများဆုံးအသုံးပြုခဲ့ကြတဲ့ အသင်းတစ်ခုကတော့ ဘိုင်ယန်မြူးနစ်ဖြစ်ပြီး ဘိုင်ယန်ဟာ ဒေ့ါမွန်အသင်း ဘွန်ဒက်စ်လီဂါဖလားနှစ်ကြိမ်ရပြီးနောက် ဒေ့ါမွန်အသင်းရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ မာရီယို ဂေ့ါဇီ၊ လီဝန်ဒေါစကီးတို့ကို ခေါ်ယူခဲ့သလို ခုနောက်ဆုံး ဟမ်းမဲလ်ကို ခေါ်ယူလိုက်ပြန်ပါတယ်။ ရီးယဲလ်မက်ဒရစ်ကလည်း အရင်က ဘာစီလိုနာစူပါစတား လူးဝစ်ဖီဂိုကို အရခေါ်ယူပြီး ဘာကာကို နှိပ်ကွပ်ဖူးသလို မန်စီးတီးအသင်းကဆိုရင် အာဆင်နယ်ရဲ့ နာဆရီ၊ ကိုလိုတိုရေး၊ ဆက်ဂ်နာ၊ ကလစ်ချီတို့ကို ခေါ်ယူကာ ပြိုင်ဘက်ကို အားလျော့အောင်လုပ်ဆောင်ခဲ့ဖူးပါတယ်။ ခုလည်း မော်ရင်ဟိုက အာဆင်နယ်ရဲ့ အိုဇေးလ်နဲ့ ချိန်ဘာလိန်တို့နှစ်ဦးစလုံးကို နွေစျေးကွက်အလိုရှိ ကစားသမားစာရင်းမှာ ထည့်သွင်းလာတာကြောင့် မော်ရင်ဟိုအနေနဲ့ ပရီမီယာလိဂ်မှာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ခေတ်စားခဲ့တဲ့ ဗျူဟာတစ်ရပ်ကို ပြန်လည်အသက်သွင်းဖို့ ကြိုးစားနေတယ်လို့ ဗြိတိန်မီဒီယာတွေက သုံးသပ်ပါတယ်။ တကယ်လို့ ဒီကစားသမားနှစ်ဦးလုံး သာ ပြိုင်ဘက်မန်ယူအသင်းကို ရောက်သွားရင် ဗန်ပါစီရဲ့ ခြေရာကိုနင်းတဲ့ နောက်ထပ်ကစားသမားတွေဖြစ်လာမှာပါ။ ဒါပေမယ့် မန်ယူတိုက်စစ်မှူး ဝဲလ်ဘတ်ကို အာဆင်နယ်က ခေါ်ယူခဲ့ဖူးတဲ့ ကိစ္စရပ်မျိုးလည်း ရှိဖူးပါတယ်။ အာဆင်နယ်အသင်းအတွက်တော့ အသင်းရဲ့ အဓိက ကစားသမားတွေ ပရီမီယာလိဂ် ပြိုင်ဘက်အသင်းတွေကို ပြောင်းရွှေ့ကစားတာဟာ ဆန်းကျယ်တဲ့ ကိစ္စတစ်ရပ်မဟုတ်ဘဲ အက်ရှ်လေကိုးလ်အစ ဗန်ပါစီအဆုံး ဆုံးရှုံးဖူးတာကြောင့် အိုဇေးလ်နဲ့ ချိန်ဘာလိန်ကို ထပ်မံဆုံးရှုံးဦးမယ်ဆိုလည်း သိပ်ပြီး ထူးဆန်းနေမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဗြိတိန်မီဒီယာတွေကတော့ မော်ရင်ဟိုဟာ ခေတ်မမီတော့တဲ့ နည်းဗျူဟာတစ်ရပ်ကို ပြန်အသက်သွင်းဖို့ ကြိုးပမ်းနေပြန်ပြီလို့ ပြစ်တင်ခဲ့ကြပါတယ်။

## ဘယ်သူမှ ပုံသွင်းလို့မရတဲ့ ဘာလော့တယ်လီ



နိုက်စ်အသင်းတိုက်စစ်မှူး ဘာလော့တယ်လီက လိုရီယန့်အသင်းကို အနိုင်ရရှိတဲ့ပွဲမှာ ပွဲချိန် ၆၈ မိနစ်အတွင်း တိုက်ရိုက်အနီကတ်ပြသ ထုတ်ပယ်ခံရမှုကြောင့် ယခုနှစ်ဘောလုံးရာသီအတွင်းသူ့အတွက် သုံးကြိမ်မြောက် အနီကတ်ပြသခံရမှုလည်း ဖြစ်လာပါတယ်။ ဘာလော့တယ်လီနဲ့ ပတ်သက်ပြီး မိုနာကိုအသင်း ကစားဖော်တွေက မေးခွန်းထုတ်ခဲ့ကြပြီး ရက်သတ္တပတ်မပြည့်ခင်မှာပဲ အခုလို တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ ဘာလော့တယ်လီဟာ ဒိုင်ဖြစ်သူ တိုနီချက်ပ်ရွှန်ကို အင်္ဂလိပ်ဘာသာနဲ့ ညစ်ညမ်းတဲ့ စကားလုံး သုံးနှုန်းပြီး ပြောဆိုခဲ့တဲ့အတွက် တိုနီချက်ပ်ရွှန်က အနီကတ်ပြသထုတ်ပယ်လိုက်တာဖြစ်တယ်လို့ ပြောပါတယ်။

နိုက်စ်အသင်းနည်းပြ လက်ဖ်ရီကတော့ ဘာလော့တယ်လီအနေနဲ့ ခြေစွမ်းကောင်းရင်တောင် ကိုယ်နှုတ်အမူအရာ မစောင့်ထိန်းနိုင်ရင် အခွင့်အရေးကောင်းတွေ လွဲချော်နေဦးမှာဖြစ်တယ်လို့ သတိပေးလိုက်ပါတယ်။ နိုက်စ်ကွင်းလယ်လူ အိုင်ဆာဆစ်ကတော့ ဘာလော့တယ်လီက သူလုပ်ချင်ရာကိုစိတ်ရောကိုယ်ပါလုပ်ဆောင်တတ်သူဖြစ်ပြီး ဒီလို အပြုအမူတွေက အသင်းဖော်တွေကို စိတ်ပျက်စေကြောင်း ဘယ်လ်အင်စပို့နဲ့ အင်တာဗျူးပြုလုပ်စဉ် ထည့်သွင်းပြောကြားခဲ့ပါတယ်။ အင်တာမီလန်အသင်းမှာ လာဆေလော့တယ်လီနဲ့ လက်တွဲခဲ့ဖူးတဲ့ မော်ရင်ဟိုကလည်း “ ချန်ပီယံလိဂ်ပြိုင်ပွဲ မီလီတိုရော အီတူးရော ဒဏ်ရာရနေလို့ တိုက်စစ်အတွက် ဘာလော့တယ်လီ တစ်ဦးတည်းသာရှိတော့တဲ့အချိန်မှာ ကျွန်တော့်အတွက် တကယ့်ကို ဒုက္ခတွေတော့တာပဲ။ ကျွန်တော်က ငါ့မှာ မင်းတစ်ယောက်ပဲ ရှိတော့တယ် ဘယ်သူကိုမှ မထိစေနဲ့ ဘောလုံးကိုပဲ ထိပါစေလို့ ၁၅ မိနစ်လောက် အချိန်ပေးပြောခဲ့ပေမယ့် ၄၆ မိနစ်ရောက်တော့ အနီကတ်ထိတာပဲ။ ကျွန်တော် ပြောင်းလဲလို့မရခဲ့တဲ့ ကစားသမားထဲမှာ ဘာလော့တယ်လီ ပါပါတယ်” လို့ ၂၀၁၄ခုနှစ်မှာ ပြောကြားခဲ့ဖူးတာကြောင့် ဘောလုံးလူဆိုး ဘာလော့တယ်လီဟာ ဘယ်သူကမှ ပုံသွင်းလို့မရတဲ့ ကစားသမားဖြစ်နေတာတော့ အမှန်တရားဖြစ်ပါတယ်။

## ဂွါဒီယိုလာနဲ့ လက်တွဲခွင့်ရတဲ့ ဂျွန်စတုန်းကို မနာလိုဖြစ်မိတယ်လို့ဆိုတဲ့ ဖာဒီနန်

မန်ယူနောက်ခံလူဟောင်း ရီယိုဖာဒီနန်က ဂျွန်စတုန်းဟာ ဂွါဒီယိုလာလို ထိပ်တန်းနည်းပြတစ်ဦးနဲ့ မန်စီးတီးမှာ တွဲဖက်အလုပ်လုပ်ခွင့်ရတဲ့အတွက် အင်မတန်ကံကောင်းတဲ့သူဖြစ်ပြီး ဒီလိုအခွင့်အရေးမရခဲ့တဲ့ သူ့အနေနဲ့ ဂျွန်စတုန်းအပေါ် မနာလိုတောင်ဖြစ်မိတယ်လို့ ပြောကြားလိုက်ပါတယ်။ ဂျွန်စတုန်းက ပြီးခဲ့တဲ့နှစ်နွေစျေးကွက်က အဲဗာတန်ကနေ မန်စီးတီးကို ပြောင်းရွှေ့ကြေး ပေါင် ၄၇ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ကမ္ဘာ့စျေးအကြီးဆုံးနောက်ခံလူတစ်ဦးဖြစ်ခွင့်ရလာသူပါ။ ဒါပေမယ့် မန်စီးတီးကိုရောက်ရှိလာပြီးနောက်ပိုင်း ဂျွန်စတုန်းရဲ့ ခံစစ်ပိုင်း စွမ်းရည်အပေါ် မေးခွန်းထုတ်လာမှုတွေ ပိုမိုများလာပေမယ့် ဖာဒီနန်ကတော့ ဂျွန်စတုန်းရဲ့ ဆုံးဖြတ်ချက်မှန်သလို ဂွါဒီယိုလာလို ထိပ်တန်းနည်းပြနဲ့ တွဲဖက်အလုပ်လုပ်ကိုင်ခွင့်ရတာကြောင့် အင်မတန်ကံကောင်းသူလို့ သူ့အမြင်ကို ပြောပါတယ်။ ဖာဒီနန်က ဝက်စ်ဟမ်း၊ လိစ်ဒ်၊ မန်ယူနဲ့ ကျူပီအာ အသင်းတွေမှာ ကစားခဲ့ဖူးသူဖြစ်ပြီး ဘီတီရုပ်သံရဲ့ ဘောလုံးရေးရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်နေသူဖြစ်ပါတယ်။



ဖာဒီနန်က ကလပ်အသင်းကြီးတစ်ခုမှာ နည်းပြအသစ်တစ်ဦးရောက်လာတိုင်း နည်းဗျူဟာ အခင်းအကျင်းအသစ်တွေ ချမှတ်လေ့ရှိတာကြောင့် ကစားသမားတစ်ဦးအနေနဲ့ စိန်ခေါ်မှုကို ရင်ဆိုင်ရလေ့ရှိပေမယ့် ဂျွန်စတုန်း အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့တယ်လို့ ချီးကျူးစကား ဆိုခဲ့ပါတယ်။

## ပြဿနာရှာခဲ့သလား အန်စလော့တီ



ဘိုင်ယန်မြူးနစ်နည်းပြ အန်စလော့တီဟာ ဟာသာဘာလင်နဲ့ တစ်ဂိုးစီသရေကျခဲ့တဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်အပြီးမှာ ပြဿနာတစ်ရပ်ကို မီးစပျိုးခဲ့ပါတယ်။ ပွဲပြီးလို့ ဥမင်လမ်းထဲမဝင်ခင် အသက်(၅၇)နှစ်အရွယ် အန်စလော့တီက ဟာသာဘာလင်ပရိသတ်တွေဘက်ကို လက်ခလယ်ထောင်ပြခဲ့တာကို ဗီဒီယိုမှတ်တမ်းတွေက အမိအရ ရိုက်ယူနိုင်ပြီး သူ့အနေနဲ့ ဒီအပြုအမူ တကယ်ပဲပြုမူမိခဲ့တယ်လို့ ရဲရဲဝံ့ဝံ့ပဲ ဝန်ခံပြောကြားခဲ့ပါတယ်။ အန်စလော့တီက သူ့ကို တံတွေးနဲ့ ထွေးတဲ့ ဟာသာဘာလင်ပရိသတ်တွေကြောင့် အခုလို တုံ့ပြန်လိုက်တာဖြစ်တယ်လို့ အေအာရ်ဒီရုပ်သံကို ဖြေကြားခဲ့ပါတယ်။ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်နေတဲ့ ဘိုင်ယန်က ပွဲချိန် ၉၅ မိနစ် ၅၇ စက္ကန့်မှာ လီဝန်ဒေါစကီးရဲ့ ချေပဂိုးနဲ့ သရေတစ်မှတ် ရရှိခဲ့တာဖြစ်ပါတယ်။ ဟာသာဘာလင်နည်းပြ ပါဒါဒီကတော့ ဒီလို နာကျင်အချိန်ပို အကြာကြီးပေးတာက ဘိုင်ယန်ကို အပိုဆုချီးမြှင့်ပေးတာဖြစ်ကြောင်း အမည်တပ်ခဲ့ပါတယ်။ အန်စလော့တီဟာ တည်ငြိမ်တဲ့ နည်းပြတစ်ဦးဖြစ်ပေမယ့် အခုလို ရင့်သီးစွာ ပြန်လည်တုံ့ပြန်ခဲ့တာက တံတွေးနဲ့ထွေးခံခဲ့ရလို့ ဖြစ်တာကြောင့် ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်ခံရဖို့တော့ မရှိပါဘူး။

## ဂျီးဆပ်ဇ်ရဲ့ဒဏ်ရာနောက်ကွယ်က




ဘရာဇီးသားလေး ဂါဘရီယယ်ဂျီးဆပ်ဇ် တစ်ယောက်ခြေချောင်းကျိုးဒဏ်ရာ ရရှိခဲ့လို့ ဘာစီလိုနာမြို့ကို သွားပြီး ခွဲစိတ်ကုသမှု ခံယူခဲ့ပြီးနောက် ရက်သတ္တ ရှစ်ပတ်ကနေ ၁၂ ပတ်ကြား အနားယူရမယ်လို့ မန်စီးတီးအသင်းက အတည်ပြုခဲ့ပါတယ်။ အားကစားမီဒီယာတွေကတော့ ဂျီးဆပ်ဇ်ဝတ်ဆင်ခဲ့တဲ့ လောလုံးကန်ဖိနပ်ကြောင့် အခုလို ခြေချောင်းကျိုးသွားခဲ့တာဖြစ်တယ်လို့ ရေးသားနေကြပါတယ်။ ဂျီးဆပ်ဇ်ဟာ ဘုန်းမောက်နဲ့ ပွဲစဉ်မှာ ခြေချောင်းကျိုးသွားခဲ့တာဖြစ်ပြီး ရာသီကုန်အထိ အနားယူရမယ်လို့ အစောပိုင်းကတည်းက ခန့်မှန်းချက် ထုတ်ခဲ့ကြတာဖြစ်ပါတယ်။

ဂျီးဆပ်ဇ်ကတော့ ခွဲစိတ်ကုသမှု ခံယူအပြီး “အခုပြန်လည်သက်သာ လာပါပြီ”လို့ ရေးသားခဲ့ပြီး ချိုင်းထောက်၊ ခြေကာ အထူးဖိနပ်တို့ကို ဝတ်ဆင်ထားတဲ့ပုံကိုလည်း အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့ပါတယ်။ ဒါပေမယ့် ဂျီးဆပ်ဇ်ရဲ့ဒဏ်ရာ ရရှိမှုဟာ အဂူရိုအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပြီး အဂူရိုဟာ ဂျီးဆပ်ဇ်အတွက် အိပ်မက်ဆိုး ဖန်တီးနိုင်သူလို့ မီဒီယာတွေက လှောင်ပြောင်ခဲ့ကြပါတယ်။ နည်းပြ ဂွါဒီယိုလာဟာ ဂျီးဆပ်ဇ်ကို ပွဲထွက်ကစားသမားတစ်ဦးအဖြစ် အသုံးပြုခဲ့တာကြောင့် အဂူရို အရန်ခုံပေါ် ထိုင်ခဲ့ရပြီး လာမယ့်နွေမှာ အသင်းပြောင်းဖွယ်ရှိနေတာဖြစ်ပါတယ်။ အဂူရိုကိုယ်တိုင်ကလည်း အစောပိုင်းကတည်းက “ ဒီနှစ်လအတွင်း အခြေအနေကိုစောင့်ကြည့်ရင်း အကောင်းဆုံး စွမ်းဆောင်ပေးမယ်။ ခုတော့ အရန်ခုံကနေပြီး ဂျီးဆပ်ဇ်ဘယ်လို ကစားတယ်ဆိုတာ သင်ကြားမယ်”လို့ ဆိုခဲ့တာကြောင့် ဒီစကားအရ အဂူရိုရဲ့ မခံချိမခံသာ ဖြစ်မှုတွေကို ထင်ထင်ရှားရှား မြင်ရပါတယ်။ အချို့မီဒီယာတွေက ဘောကန်ဖိနပ်အသစ်ကြောင့် အခုလို လွယ်လွယ်ကူကူ ဒဏ်ရာရခဲ့တာဖြစ်တယ်လို့ ရေးသားကြပေမယ့် အချို့ကတော့ အဂူရိုရဲ့ ကျိန်စာမိသွားလို့ မန်စီးတီး အသင်းကို ရောက်ပြီး တစ်လလောက်အကြာမှာ အခုလို ဒဏ်ရာရရှိသွားတာလို့ လှောင်ပြောင်နေကြပါတယ်။

ဖေလှိုင်းစုညီး တင်ဆက်သည်။

# သမိုင်းဝင်မယ့်မြို့ သမိုင်းတင်မယ့်ဒို့

ကျော်လှိုင်(စက်မှု)



**ယမန်နေ့မှအဆက်**

ယင်းနောက်ပိုင်း၌ နိုင်ငံပိုင်စက်ရုံအနေဖြင့် ဆက်လက်ရပ်တည်ခဲ့ပြီး အိမ်သုံးစတီးလ် ပစ္စည်း ၅၅ မျိုး၊ ဆေးရုံသုံးစတီးလ်ပစ္စည်း ၁၄ မျိုး၊ စတီးလ်ပိုက် ၁၅ မျိုး၊ ဆေးရုံသုံးစတီးလ် ပရိဘောဂပစ္စည်းအမျိုး ၅၀နှင့် ပလတ်စတစ်ပစ္စည်း ၁၅ မျိုး စုစုပေါင်းပစ္စည်း ၁၄၉ မျိုး ထုတ်လုပ်လျက်ရှိသည်။ စက်ရုံအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုဝင်ဘာလ၌ ငွေကျပ် ၁၅ ဒသမ ၅၉၅ သန်း၊ ဒီဇင်ဘာလ၌ ငွေကျပ် ၆၉ ဒသမ ၂၀၄ သန်း အမြတ်ရရှိထားသည်။ ကျွန်တော်တို့ အဖွဲ့ရောက်တော့ ဝန်ထမ်းများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ မှာယူထားသည့် ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးရုံသုံးပရိဘောဂများကို အားကြိုးမာန်တက် တပ်ဆင်ထုတ်လုပ်နေကြသည်ကို မြင်တွေ့ရသည်။

'စက်ရုံအနေနဲ့ Auto Clave (Small)၊ Medicine Trolley၊ Dressing Trolley၊ Child Bed၊ Baby Cot၊ Patient Bed (B-Type)၊ Exam Bed (ရိုးရိုး)၊ Exam Bed (ခေါင်းထောင်) နှင့် Drip Stand တို့ကို အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနရဲ့ အမှာစာအရ ထုတ်လုပ်နေပါတယ်။ စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၀၈ ဒသမ ၈၂၉ သန်း ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မကုန်မီပြီးစီးအောင်နဲ့ အချိန်မီပေးပို့နိုင်အောင် ဝန်ထမ်းအားလုံးကြိုးစားနေတာမြင်တဲ့ အတိုင်းပါပဲ' ဟု စက်ရုံမှူးက စက်ရုံအတွင်း လှည့်လည်ရှင်းလင်းပြသရင်း ပြောသည်။

ဤအမှာစာအရအတိုင်းဆိုလျှင် စက်ရုံအနေဖြင့် အကျိုးအမြတ်မဆိုးလှ။ ဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုက အချိန်တိုအတွင်း အဘယ်မျှ အရာရောက်ခရီးပေါက်သည် ဆိုသည်ကိုလည်း ကျွန်တော်တွက်ဆမိ၍ အောင်မြင်မှု ရောင်ခြည်ထွန်းတောက်လာမည်ကို မြင်ယောင်နေမိသည်။ ယင်းနှင့်ဆက်စပ်၍ တစ်ချိန်ကအဖြစ်အပျက် ကလေးတစ်ခုကိုလည်း စိတ်အတွေးကရောက်သွားသည်။

ထိုစဉ်က ကျွန်တော်တို့ဝန်ကြီးဌာန၌ မီဒီယာများနှင့် တွေ့ဆုံပွဲတစ်ခုလုပ်သည်။ ဝန်ကြီးဌာန၏ ထုတ်ကုန်များ၊ အရှုံးအမြတ်အခြေအနေများနှင့် ပတ်သက်သည့် အသိပေးရှင်းလင်းပွဲဖြစ်သည်။ ဂျာနယ်လစ်တစ်ဦးက မေးခွန်းတစ်ခုမေးသည်။ 'ဝန်ကြီးဌာနရဲ့ ထုတ်ကုန်တွေကို ကိုယ့်အစိုးရအဖွဲ့ ဝန်ကြီးဌာနအချင်းချင်း ရောင်းမယ်ဆိုရင် မရဘူးလား' ဟူ၍ဖြစ်သည်။ ထိုအချိန်က အခြားဝန်ကြီးဌာနတစ်ခုက ပြည်ပချေးငွေရယူ၍ ထိုငွေဖြင့်ပင် လယ်ယာသုံးစက်ကိရိယာများကို ပြည်ပကုမ္ပဏီများထံမှဝယ်ယူ၍ လယ်သမားများအား အရစ်ကျရောင်းချပေးနေသည်။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနကလည်း ဤကဲ့သို့လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်နေခြင်းဖြစ်ရာ ဘာ့အတွက်မဝယ်ရသနည်း ဆိုသည့် မေးခွန်းထွက်လာခြင်းဖြစ်မည်။

'ကျွန်တော်တို့ကတော့ ထုတ်လုပ်နေတာပါပဲ။ ဝယ်တာ၊ မဝယ်တာကတော့ သူ့အပိုင်းပါ' ဟု တာဝန်ရှိသူကဖြေသည်။ ထိုရှင်းလင်းပွဲသို့ ကျွန်တော်ကိုယ်တိုင် တက်ရောက်နားထောင်ခဲ့ရခြင်းဖြစ်ရာ ကိုယ့်အစိုးရ၊ ကိုယ့်ဝန်ကြီးဌာနအချင်းချင်း ဈေးကွက်လိုအပ်ချက်နှင့်အညီ ဘာလို့ ပူးပေါင်းဆောင်ရွက်မှု မရှိသလဲဆိုသည့် စိတ်ခံစားချက်နှင့် အောင့်သက်သက်ဖြစ်ခဲ့ရသည်။ တစ်ဖက်မှ ပြန်စဉ်းစားမိတော့လည်း ဖြေသိမ့်၍ရသည်။ အဆိုပါ အခြားဝန်ကြီးဌာနအနေဖြင့် တာဝန်ခံ၍ ပြည်ပချေးငွေရယူထားခြင်းဖြစ်ရာ သူ့အနေဖြင့် အရည်အသွေးကောင်း၊ စွမ်းဆောင်ရည်ရှိမည်ဟု ထင်ရသည့် ပြည်ပမှစက်များကိုမှာယူကာ အရစ်ကျရောင်းချပေးခြင်းမှာ လယ်ယာ ကုန်ထွက်ကောင်း၍ ချေးငွေမှန်မှန်ပြန်ဆပ်နိုင်ရန်ဖြစ်လိမ့်မည်။ စက်များမကောင်း၍ လယ်ယာ ကုန်ထွက်မကောင်းပါက လယ်သမားထံမှ အချိန်မီငွေပြန်မရ။ ဤသို့ဆိုလျှင် အဆိုပါဝန်ကြီးဌာနအနေဖြင့် ပြည်ပချေးငွေပြန်ဆပ်ရာ၌ တစ်စုံတစ်ရာ အခက်အခဲရှိနိုင်သည်။ Customer Right ကို သူက အပြည့်အဝအသုံးချသွားသည်။ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ဆိုသည်ကလည်း စီးပွားရေးအရဆိုလျှင် ပြောသလောက်မလွယ်။ မိမိထုတ်သည့် ထုတ်ကုန်၏ အရည်အသွေးနှင့် စွမ်းဆောင်နိုင်မှုအပေါ် အာမခံချက်အပြည့်အဝပေးနိုင်သည်နှင့်အမျှ ပူးပေါင်းဆောင်ရွက်မှုက လိုက်ပါလာမည်ဖြစ်သည်။ ဤအတွေးတွေက ကျွန်တော်၏ပုဂ္ဂလိကအတွေးမျှသာ ဖြစ်သည်။

'ကျွန်တော်တို့ စက်ရုံထုတ်ပစ္စည်းရဲ့အမှတ်တံဆိပ်က Tiger အမှတ်တံဆိပ်ပါ။ အခြားပစ္စည်းများနဲ့ ဈေးကွက်မှာအရည်အသွေးယှဉ်နိုင်ပါတယ်' ဟု စက်ရုံမှူးက ရဲရဲဝံ့ဝံ့ပြောသည်။ သူပြောတာ မှန်ပေလိမ့်မည်။ ထုတ်ကုန်ပစ္စည်းပြခန်းအတွင်း ခင်းကျင်းပြသထားသော စတီးလ်ပစ္စည်းများကို ကျွန်တော်အနီးကပ်ကိုင်တွယ်လေ့လာခွင့်ရခဲ့သည်။ စတီးလ်သားကောင်းမွန်၍ အထူအပါးမှန်ကန်ပြီး လေးလံမှုရှိကာ လက်ရာသေသပ်မှုရှိသည်က အမှန်ပင်ဖြစ်သည်။ သို့သော် Tiger အမှတ်တံဆိပ်က ဈေးကွက်ပေါက်အောင် ကြော်ငြာမှုအားနည်းနေသေး၍ထင်။ ကျွန်တော့် နေအိမ်မှ ဇနီးသည်ဝယ်ယူထားသော စတီးလ်ပစ္စည်းများက အခြားအမှတ်တံဆိပ်များသာ ဖြစ်နေပြီး Tiger အမှတ်တံဆိပ်နှင့်တော့ အတော့်ကိုကွာခြားသည်။ နေအိမ်ပြန်ရောက်လျှင်တော့ Tiger အမှတ်တံဆိပ်စတီးလ်ပစ္စည်းကိုသာ ရှာဖွေဝယ်ယူဖို့ ဇနီးသည်ကိုအကြံပြုရပေဦးမည်။

အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) ပြီးတော့ ကျွန်တော်တို့အဖွဲ့ အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) အဆင်မြင့်မီးခံအုတ်ထုတ်လုပ်ရေးဌာနဘက်သို့ ခြေဦးလှည့်ခဲ့သည်။ ထိုစက်ရုံက စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှု အောက်တွင်ရှိသည်။ ကျောက်ဆည်မြို့အရှေ့ဘက် ၅ မိုင် ၃ ဖာလုံခန့်အကွာတွင် တည်ရှိပြီး စက်ရုံအကျယ်အဝန်းက ၄၉ ဒသမ ၉၇ ဧကရှိသည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စက်ရုံကို စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ် မေ ၃၁ ရက်တွင် စက်စမ်းသပ်လည်ပတ်ခဲ့သည်။

စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ဘိလပ်မြေစက်ရုံသုံးရုံအတွက် လိုအပ်သော မီးခံအုတ်နှင့် မီးခံကျောက်မှုန့်များ အဓိကထုတ်လုပ်ပေးနိုင်ရန်နှင့် ပုဂ္ဂလိကဘိလပ်မြေစက်ရုံများ၏ စက်မှုလုပ်ငန်းသုံး မီးဖိုများအတွက်လည်း လိုအပ်ပါက ထုတ်လုပ်ရောင်းချနိုင်ရန် ရည်ရွယ်၍ ဤစက်ရုံကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

'လုပ်ငန်းသဘာဝအရ ဘိလပ်မြေစက်ရုံတွေကို ကျောထောက်နောက်ခံပြု တည်ဆောက်ခဲ့တာဖြစ်လို့ ဘိလပ်မြေစက်ရုံများရဲ့ထုတ်လုပ်မှုနဲ့ ဒီစက်ရုံရဲ့ ထုတ်လုပ်မှုက တိုက်ရိုက်အချိုးကျနေတယ်' ဟု စက်ရုံတာဝန်ခံကပြောပြ၍ မှတ်သားမိသည်။

ကျောက်ဆည်စက်မှုနယ်မြေအတွင်း၌ စက်မှုဝန်ကြီးဌာန၏ စက်ရုံအလုပ်ရုံစုစုပေါင်း ၁၁ရုံ ရှိရာ ဆေးဝါးစက်ရုံ(အင်ရောင်း)၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)နှင့် အဆင့်မြင့်မီးခံအုတ် ထုတ်လုပ်ရေးဌာနတို့မှာ နိုင်ငံတော်ပိုင်စက်ရုံများဖြစ်ပြီး အမှတ်(၉)အထည်စက်ရုံ (ကျောက်ဆည်) ကို Magic Link Trading Co.,Ltd. သို့ (၁. ၆. ၂၀၁၄) ရက်နေ့တွင်လည်းကောင်း၊ ဖိနပ်စက်ရုံ (ကျောက်ဆည်)ကို ရီဗားကုမ္ပဏီလီမိတက်သို့ (၁. ၉. ၂၀၁၂) ရက်နေ့တွင် လည်းကောင်း၊ စက်ဘီးစက်ရုံ (ကျောက်ဆည်)ကို Win & Win Co.,Ltd. သို့ (၁. ၅. ၂၀၁၃)ရက်နေ့တွင် လည်းကောင်း၊ အပ်ချုပ်စက်ရုံ(ကျောက်ဆည်)ကို စိန်ရွှေအောင်မြင်ကုမ္ပဏီလီမိတက်သို့ (၁. ၉. ၂၀၁၃)ရက်နေ့တွင် လည်းကောင်း၊ သောက်ရေသန့်စက်ရုံခွဲ(ကျောက်ဆည်)ကို ရွှေစင်နန်းတော်ထရေးဒင်းသို့ (၃၁. ၁. ၂၀၁၆) ရက်နေ့တွင်လည်းကောင်း ငှားရမ်းခဲ့ပြီး အမှတ်(၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)ကို International Glass Co.,Ltd. သို့ ငှားရမ်းဆောင်ရွက်နိုင်ရေးအတွက် (၁၆. ၈. ၂၀၁၆) ရက်နေ့တွင် AoD အကြိုဆွေးနွေး သဘောတူညီထားကာ အမှတ်(၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) ကို Myanmar Conch Cement Co.,Ltd. နှင့် (၁၄. ၂. ၂၀၁၅)ရက်နေ့မှစ၍ အကျိုးတူဆောင်ရွက်လျက်ရှိပြီး ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) ကိုမူ ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေးစီမံဆောင်ရွက်နေဆဲဖြစ်သည်။

နိုင်ငံပိုင်စက်ရုံများနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှုများအရ လုပ်ငန်းတိုးတက်မှု အခြေအနေကို လက်တွေ့ကွင်းဆင်း၍ ညှိနှိုင်းစစ်ဆေးရန် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် ကျောက်ဆည် စက်မှုနယ်မြေသို့ ညနေပိုင်းတွင်ရောက်ရှိခဲ့ကြပြီး ရှုရပ်မှနေ၍ ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများအား ကြည့်ရှုလေ့လာကြရာ ကျွန်တော်လည်း မလှမ်းမကမ်းမှ မှတ်တမ်းဓာတ်ပုံရိုက်ယူပြီး စက်မှုနယ်မြေကိုကြည့်မိသည်။ ရှုရပ်ကုန်းမှနေ၍ ကျောက်ဆည်စက်မှုနယ်မြေကို အပေါ်စီးမှကွက်ကွက်ကွင်းကွင်း မြင်နေရသည်။

'ဒီဘက်ကစက်ရုံကြီးက မှန်စက်ရုံပါ၊ ဒီစက်ရုံကြီးဆောက်ဖို့ကုန်ကြမ်းဖြစ်တဲ့ ကုန်းတွင်းပိုင်း သဲရဖို့နေရာအတော်များများက သဲနမူနာ ၁၀၀ ကျော်ကို စမ်းသပ်ခဲ့ပါတယ်။ ကျောက်ဆည်မြို့နယ်က ယင်းစွဲတောင်နဲ့ ပုရစ်တောင်ကသဲက ရာနှုန်းပြည့်နီးပါး မှန်ချက်လုပ်နိုင်ကြောင်း စစ်ဆေးတွေ့ရှိရလို့ ယင်းစွဲတောင်အနီးမှာ စက်ရုံဆောက်ဖြစ်ခဲ့တာပါ' ဟု တာဝန်ရှိသူတစ်ဦးက စက်ရုံကြီးကိုညွှန်ပြပြီး သတင်းစကားပါးလာသည်။

'စက်ရုံစဖွင့်ခဲ့တာက ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့ပါ။ ထုတ်လုပ်မှုစရိတ်၊ သဘာဝဓာတ်ငွေ့ဖိုးကုန်ကျစရိတ်တွေ မြင့်မားတာကြောင့်စက်ရုံက အကျိုးအမြတ်နည်းခဲ့ပါတယ်။ Public-Private-Partnership (P-P-P) အစိုးရနှင့်ပုဂ္ဂလိက အကျိုးတူပူးပေါင်းကာ နှစ်ရှည် ငှားရမ်းဖို့စီစဉ်ခဲ့ရာမှာ International Glass Co.,Ltd. နဲ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ က အကြိုသဘောတူဆွေးနွေးခဲ့ပြီး ကုမ္ပဏီအနေနဲ့ လိုအပ်တဲ့ ပြင်ဆင်မှုတွေ၊ စက်အစားထိုးလဲလှယ်တပ်ဆင်မှုတွေ လုပ်နေပါတယ်။ စက်ရုံအနေနဲ့ Float Glass(ရိုးရိုးမှန်အကြည်)၊ Tempered Glass (အားဖြည့်မှန်)၊ Laminated Glass (လွှာထပ်မှန်)၊ Mirror (ကြည့်မှန်) စတဲ့ မှန်အမျိုးမျိုးကို တစ်နေ့တန် ၁၃၀ လောက် ထုတ်နေပါတယ်။ ဒါ့အပြင် ကျွန်းကနုတ်တိုင်နဲ့ (၃)ဆင့်မှန်စားပွဲ အသေး/အကြီး၊ (၂) ဆင့်မှန်စားပွဲအကြီး၊ (၃) ဆင့်ထောင့်စားပွဲတွေ၊ ယွန်းအနီ/ အနက်တိုင်နဲ့ (၂) ဆင့်မှန်စားပွဲ အသေး/အကြီး၊ (၃)ဆင့်မှန်စားပွဲ အသေး/အကြီးတွေကို ဒီဇိုင်းဖော်ထုတ်လုပ်ပြီး ဈေးကွက်ထိုးဖောက်ဖို့ကြိုးစားနေပါတယ်။ အောင်မြင်မှုအရိပ်အယောင်တွေလည်း မြင်နေရပါပြီ' ဟု ၎င်းက ဆက်လက်ပြောသည်။

သူပြောတာဖြစ်နိုင်ပါသည်။ ငှားရမ်းကုမ္ပဏီအနေဖြင့် အချိန်တိုကာလအတွင်း သူ၏ရင်းနှီးမြှုပ်နှံငွေ သုံးပုံတစ်ပုံကို ပြန်လည်ရရှိနေပြီဖြစ်ကြောင်း ကြားသိရသဖြင့် ကုမ္ပဏီ၏ စွမ်းဆောင်နိုင်မှုအရည်အချင်းကိုလည်း လေးစားချီးကျူးမိပါသည်။ ယခင်က မှန်စားပွဲများအား စတီးလ်တိုင်များဖြင့်သာကျွန်တော်မြင်တွေ့ခဲ့ဖူးသည်။ ယခုမြန်မာမှု လက်ရာဒီဇိုင်းသစ်ဖြင့် တီထွင်ဆန်းသစ်ထားသော မှန်စားပွဲများက ဟိုတယ်များနှင့် နေအိမ်ဧည့်ခန်းအသီးသီးတို့၌ ပန်းသင့်စွာ နေရာယူလာတော့မည်ကို မြင်ယောင်နေမိပါသည်။

'ဟိုး. . . ခေါင်မိုးအနီကြီးနဲ့က ဘိလပ်မြေစက်ရုံလေ' ဟု အဆိုပါပုဂ္ဂိုလ်က စကားဆက်လာသဖြင့် ကျွန်တော့်အတွေးစရပ်သွားပြီး သူညွှန်ပြရာကိုကြည့်လိုက်မိသည်။ အကြီးကြီးပါလား၊ စက်ရုံဒီဇိုင်းကလည်း ခပ်ဆန်းဆန်းမို့ စိတ်ဝင်စားမိသည်။

'သူကကော အခုဘယ်ကုမ္ပဏီနဲ့လုပ်နေလဲ' ယခင်က နိုင်ငံတော်ပိုင် တစ်နေ့တန် ၄၀၀ ကျ စက်ရုံဆိုတာတော့ ကျွန်တော်သိထားသည်။ ဒီနောက်ပိုင်းကုမ္ပဏီတစ်ခုနှင့် အကျိုးတူဆောင်ရွက်နေကြောင်း ကြားသိရသဖြင့် စူးစမ်းမိလိုက်သည်။

'အရင်စက်ရုံစဖွင့်တဲ့ ၂၀၀၁ ခုနှစ်လောက်ကတော့ တစ်နေ့တန် ၄၀၀ ကျပါ။ နှစ်တွေ ကြာလာတော့ စက်စွမ်းအားကျ၊ ထုတ်လုပ်မှုကနဲ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကလျော့၊ စရိတ်စက တွေကကြီးဆိုတော့ ၂၀၁၃ ခုနှစ်မှာ တစ်နေ့တန် ၅၀၀၀ ကျ စက်ရုံတိုးချဲ့တည်ဆောက်ဖို့ တင်ဒါခေါ်ခဲ့တယ်။ ပြည်တွင်း/ပြည်ပကုမ္ပဏီ ၄၀ ကျော်ထဲက Myanmar Conch Cement Co,Ltd. က အရွေးခံရပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှာ စာချုပ်ချုပ်ခဲ့တယ်။ ဒီကုမ္ပဏီက တရုတ်ပြည်မှာ ဘိလပ်မြေ ထုတ်လုပ်မှု အဆင့် (၁) ရှိတဲ့ Abhui Conch Co., Ltd. နဲ့ဖက်စပ်လုပ်ထားတာ၊ နည်းပညာမြင့်တယ်၊ ဘိလပ်မြေထုတ်လုပ်မှုစနစ်က ကမ္ဘာမှာအဆင့်မြင့်ဆုံးနောက်ဆုံး မျိုးဆက်နည်းပညာအသုံးပြုထားတာ။ တစ်နေ့တန် ၅၀၀၀ ကျစက်ရုံအဖြစ် ၂၀၁၆ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ အကျိုးတူဖြစ်လို့ ဝန်ကြီးဌာနအနေနဲ့ ထုတ်ကုန်ခွဲဝေမှုအချိုး ငါးရာခိုင်နှုန်း၊ ပုံမှန်တစ်လကို ဘိလပ်မြေ (၆၉၅၈) တန် ရမှာပါ။ ဒီစီမံကိန်းမှာ နိုင်ငံတော်ကငွေကြေးစိုက်ထုတ်ရမှု မရှိဘဲ ကုမ္ပဏီဘက်ကသာ ကျခံရတာပါ' ဟု စိတ်ရှည်လက်ရှည်ရှင်းပြသည်။

ကျွန်တော်တို့အဖွဲ့စုရပ်သို့ အလာလမ်း၌ဘိလပ်မြေအိတ်တင်ဆောင်လာသော ကားကြီးများ တွေ့မြင်ခဲ့ရသလို စက်ရုံဝင်းထဲမှာလည်း ဘိလပ်မြေအိတ်တွေတင်ထားတဲ့ ၁၂ ဘီးကားကြီးတွေ၊ ပစ္စည်းတင်ဖို့စောင့်နေတဲ့ကားတွေ အစီး ၃၀ ကျော်လောက်တွေ့မြင်ရရာ စက်ရုံ၏ထုတ်လုပ်နိုင်စွမ်းအားနှင့် ဈေးကွက်ထိုးဖောက်နိုင်မှုအစွမ်းအစတို့အား တွက်ဆနေမိသည်။

ကိုယ့်ဝန်ထမ်းတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေ ယခုကဲ့သို့စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီဆောင်ရွက်နေတာ မြင်တွေ့ရ၍ ဝမ်းသာဂုဏ်ယူနေမိသည်။ အောင်မြင်ကြပါစေဟု ဆုတောင်းမိသလို၊ အောင်မြင်မှာပါဟုလည်း ယုံကြည်မိသည်။

ပြည်ထောင်စုဝန်ကြီး နှစ်ဦးက စက်မှုနယ်မြေကို ကြည့်ရှုလေ့လာပြီးနောက် အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)၏ ရှင်းလင်းဆောင်အတွင်း စက်ရုံမှ တာဝန်ရှိသူများ၊ အကျိုးတူ ငှားရမ်းဆောင်ရွက်မည့် International Glass Co.,Ltd. မှတာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ အကြံပြုတိုက်တွန်းအားပေးစကား ပြောကြားခဲ့သည်။ ထို့နောက် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိကြည့်ရှုလေ့လာပြီး လုပ်ငန်းဆိုင်ရာများအကြံပြု၍ ဈေးကွက်သုတေသနပြုရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာပြီး ဈေးကွက်ဝင်ပစ္စည်းအမျိုးမျိုးကို စူးစမ်းထုတ်လုပ်ကြရန် မှာကြားခဲ့ကြသည်။

အနော်ရထာမင်းလက်ထက်က ကျောက်ဆည်မြို့သည် လယ်တွင်းကိုးခရိုင်၏အရေးပါသည့် မြို့တစ်မြို့ဖြစ်ခဲ့ပြီး လယ်ယာစီးပွားကြီးထွားရေးအတွက်ကိုလည်း အထောက်အပံ့ဖြစ်စေခဲ့သည်။ ထိုခေတ်ထိုအချိန်က တိုင်းသူပြည်သားများက ကျောက်ဆည်မြို့ကို အရောင်တင်သမိုင်းဝင်စေခဲ့သလို ယခုကျွန်တော်တို့ခေတ်၌လည်း ကျောက်ဆည်နယ်မြေ၌ စက်ရုံအလုပ်ရုံများ တည်ဆောက်ထားပြီးဖြစ်၍ စက်မှုကဏ္ဍဖြင့် အရောင်တင်သမိုင်းဝင်စေရပါဦးမည်။

စက်ရုံနယ်မြေမှအပြန် စီးလာသည့်မော်တော်ယာဉ်ကားစက်သံနှင့်အတူ တူထုသံ၊ စက်မောင်းသံ၊ ဝန်ထမ်းတို့၏လှုပ်ရှားမှုအသံတို့က စည်းချက်ညီစွာ ကျွန်တော့်အာရုံကို ဖမ်းစားလျက်ရှိနေသလို 'စက်မှုသမိုင်းသစ်' တင်ရမည့်အခြေအနေကောင်းများကိုလည်း 'မီးရှူးတန်ဆောင်' သဖွယ် "Beacon of Industry" အဖြစ် ထွန်းလင်းတောက်ပစွာ မြင်တွေ့နေမိပါတော့သည်။


La Villa
NGWE SAUNG
WEEKEND HOME @ငွေဆောင်
SEA VIEW VILLA တန်ဖိုး 50%
450 သိန်း ခန့်ပေးပြီး
APRIL-2018
တွင်အပ်နှံပေးနိုင်ပြီ
ဂရန်အမည်ပေါက်ရမည်ဖြစ်ပြီးစရန်ငွေ 9 သိန်းယူလာပြီး စောစောလာမှ Plot ရဖို့သေချာမယ်နော်
25,26-FEB-2017 ဦးဝိစာရလမ်း၊ ရွှေတိဂုံစေတီ၊အနောက်မုခ်ရှေ့ Myanmar Culture တွင်ရောင်းမည်။
ဦးဆုံး (30)ကို လက်ဆောင် မီးစက် & AIR-CON
iGREEN

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

ဂုဏ်ထူး ဦးအောင်ခိုင်

မေ့ March 8

Grammar & Essay (သဒ္ဒါ + စာစီစာကုံး)
English Speaking (အင်္ဂလိပ် စကားပြော)

ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco

၂၇၂ ပန်းဆိုးတန်း။ 01 252 919 ပညာနန်းတော်၊ သုဝဏ္ဏ။ 09 798 44 33 20



# MCC.*i* နှင့် MCC.*p* တို့တွင်

နိုင်ငံတကာ အဆင့် ပညာ ဘွဲ့ကြိုအရန် ကုန်ကျစရိတ် သက်သာမည့် အချိန်ပိုင်းအစီအစဉ် လစဉ်ဖွင့်ပေးပါသည်

(အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်ဖြင့်လည်း တက်ရောက်နိုင်ပါသည်။)

* B.Sc (Hons) Business IT, (ပထမနှစ်) University of Greenwich, UK (ကွန်ပျူတာ သိပ္ပံ ဒီဂရီ) — အချိန်ပိုင်း / ကျပ် - ၁၀ သိန်း
* BTEC (HND ဒီပလိုမာ) အင်ဂျင်နီယာ / ကွန်ပျူတာ ဒီပလိုမာ သင်တန်း — ကျပ် - ၁၀ သိန်း
  - Construction & Built Environment (Civil Engineering)
  - Mechanical Engineering
  - Electrical and Electronic Engineering
  - Computing & Systems Development
* Telecom Engineering — ကျပ် - ၁၀ သိန်း
  - (Huawei Certificate) Telecommunication Engineering Diploma
* တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသူများ စတင်တက်ရောက်နိုင်မည့် BTEC (Level - 3 ) သင်တန်း — ကျပ် - ၁၀ သိန်း

(သင်တန်းကြေးများကို Semester အလိုက် နှစ်ကြိမ် ခွဲ၍ ပေးသွင်းနိုင်ပါသည်။)

**Hot-Line: 01-246634, 01-249152**

www.facebook.com/mcc.institute
www.facebook.com/mcc.polytechnic

Opening Date: 25 February 2017



taumufeefekra[mifrm;toif
(32)ludijmuE(S)wfvnfbifv)dawf
tpnfta0;zdwfum;vT

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။(သီးခြားဖိတ်စာမပို့ပါ။)

ကျင်းပမည့်နေ့ရက် - ၂၆-၂-၂၀၁၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၀၀ နာရီ အကျွေးအမွေးဖြင့် ဧည့်ခံခြင်း။
- နံနက် ၉း၀၀ နာရီ အစည်းအဝေးစတင်ကျင်းပခြင်း။
ကျင်းပမည့်နေရာ - အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ လမ်း(၅၀)၊ ဗိုလ်တထောင်မြို့နယ်။

အလုပ်အမှုဆောင်အဖွဲ့



မျိုး ၂
380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။



MIHARA
Travels & Tours
3 to 45 CAR RENTAL SERVICES
မြဝတီ-မဲဆောက် ပေလီကမ်းခြေ အပတ်စဉ်
Ph: 095009552, 095025400
09450051557, 09420773444



မိုးမြင့်ကြယ်
ကျိုက်ထီးရိုး (မှနေ့/ပြီး) 33000
ရှောင်းသာ (Guest -ပြီး) 35000
(မှနေ့) (Hotel-ပြီး) 45000
ငွေဆောင် (Hotel - ပြီး) 45000
(မှနေ့) (Hotel+ကား) 40000
ရွှေစက်တော် (ထီးအုပ်) ] အပတ်စဉ်
ရွှေစက်တော် - ပုဂံ ] ထွက်ခွာ
01-549380, 09-5093704
09-450012971



ရွှေစင်ကြယ် Car Rental
ALPHARD



**Columbus** ၏ မတ်လ နှင့် သင်္ကြန်ခရီးစဉ်များ

Columbus TRAVELS & TOURS

- ၃ည ၄ရက် စင်္ကာပူခရီးစဉ် (March 2)
- ၃ည ၄ရက် ဟန်ရှိုင်း-ဟလောင်းခရီးစဉ် (March 2)
- ၄ည ၅ရက် ချင်းမိုင်-ချင်းရိုင်ခရီးစဉ် (April 12)
- ၇ည ၈ရက် ကိုရီးယားခရီးစဉ် (April 12)
- ၇ည ၈ရက် ဂျပန်ခရီးစဉ် (April 12)



သင့်ခရီးစဉ်ကို Columbus နှင့်စောင်လိုက်ပါ၊ T: 01 229245, 378535, 02 60956



ADD MORE ACADEMIC AND LIFE SKILLS TO YOUR CHILDREN
IN A COOL, FUN-FILLED AND ENERGISING ENVIRONMENT THIS SUMMER
- From March through May
- For ages 3 to 14 years



TOTAL SUMMER SCHOOL
Explore, Experience, Enhance

Enroll NOW!!

STEM
BRAINWORKS
K-12 INTEGRATED SCHOOL

Kamayut (95)9 3 171 4586
Sanchaung (951) 526 456
Bayint Naung (95)9 7 314 3280
Aung Zay Ya (95)9 2 6293 444 1 - 2
Thingangyun (951) 8551360 - 3
North Dagon (95)9 79 620 6884
Kyi Myin Daing (951) 230 0715 - 6
Tamwe (951) 40 1592 - 4
41st Street (951) 37 6010, 22
Taunggyi (95)081- 20 6765, 20 6841 - 4

www.brainworks-total.com



**တိုက်ခန်းငှားမည်၊ မရောင်းပါ**

အမှတ် (၈၀)၊ လမ်းသစ်လမ်း၊ (မော်တင်) လမ်းကျယ်၊ ၁၂ ပေ×၅၀ ပေ၊ ထပ်ခိုးပြည့် မြေညီထပ် (အောက်ထပ်)၊ စီးပွားရေးအချက်အချာနေရာကောင်း၊ ခရီးသွားလုပ်ငန်း၊ ရုံးခန်း၊ ဆိုင်ခန်းဖွင့်နိုင်၊ လူနေနိုင်၊ အကျိုးဆောင်နိုင်သည့်တိုက်ခန်း၊ ပိုင်ရှင်ကိုယ်တိုင် ငှားမည်။
ပိုင်ရှင် - ဦးသိန်းနိုင်၊ အမှတ် (၄၀)၊ သိလွှင်လမ်း၊ ဖုန်း-၀၉ ၄၂၀၁၃၉၆၅၁
မှတ်ချက် - မည်သူ့ကိုမျှ ရောင်းမည်မဟုတ်ပါ၊ တိုက်ခန်းအငှားသီးသန့်သာဖြစ်ပါသည်။



ပိုင်ရှင်ကိုယ်တိုင်
**အမြန်ရောင်းမည်**
ပေ ၂၀ x ၅၀၊ ၂ လွှာ၊ လမ်း ၂၀၊ ပထမ ထပ်၊ လသာမြို့နယ်။
သိန်း ၁၅၀၀
09-260260059



စုစုအေးအောင်
ဝမ်းမှန်အကြောပြေဆေး



စုစုအေးအောင်
လေးဖက်နာပျောက်ဆေး



MMRD
မြန်မာသတင်းနှင့်ဆက်သွယ်ရေး နည်းပညာလမ်းညွှန်
သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်

Myanmar INFORMATION and COMMUNICATION TECHNOLOGY DIRECTORY



Print 2017-18
www.ictdirectory.com.mm
https://www.facebook.com/mminformation

၂၀၁၇ အတွက် ကြော်ငြာများထည့်သွင်းလိုပါက
YGN Hot Line : 09 44800 1662 Email: ydg.adv@mmrdpub.com
MDY Hot Line : 02 4000611 Email: mdg.adv@mmrdpub.com

အတာသင်္ကြန်ကျောင်းပိတ် ရက်ရှည်မှာ"သားသား" " မီးမီး" " ဦးဦး" " ဒေါ်ဒေါ်" "ဘိုးဘွား" "မိတ" ညီအစ်ကိုမောင်နှမသူငယ်ချင်းမိတ်ဆွေများ ပျော်ရွှင်မှုနှင့် အတွေ့အကြုံသစ်များ ရရှိခံစားစေဖို့ Nice Fare Travel နှင့်ခရီးသွားကြစို့ ...........

- ဗန်ကောက်၊ပတ္တရား (၁၂-၁၆ / ၁၃-၁၃ ခြီး)
- ကိုရီးယား – ဂျပန် (၁၂ – ၂၀ ခြီး)
- ကိုရီးယား (၁၂-၁၉ / ၁၃-၂၀ ခြီး)
- လန်ဒန် (၁၂ – ၂၃ ခြီး)
- ဗီယက်နမ် (၁၃-၁၉ / ၁၂-၁၅ ခြီး)
- ဟောင်ကောင် (၁၃-၁၃ ခြီး)
- စင်ကာပူ (၁၃-၁၆ ခြီး)
- အမေရိကား (၁၀ – ၂၄ ခြီး)
- ဥရောပ (၁၀ – ၂၄ ခြီး)
- ဂျပန် (၁၃-၂၀ ခြီး)

(ခရီးစဉ်အားလုံး Nice ဖြစ်ရမည် ဈေးနှုန်းလည်း Fair ဖြစ်ရမည်။)

အထူးဝန်ဆောင်မှု - ခရီးစဉ်အားလုံး စရိတ်ငြိမ်း မည်သည့် အကြောင်းပြချက်နှင့် အပိုကြေးထပ်မံမကောက်ယူပါ။
Nice Fare Travel မိသားစုမှ အနီးကပ် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပို့ဆောင်ပေးပါသည်။

ဆက်သွယ်ရန် ၀၁-၂၅၅၆၉၉၊ ၀၉-၅၁၃၉၂၆၃၊ ၀၉-၇၈၈၇၇၃၀၁၀၊ ၀၉-၉၆၀၂၅၆၀၀၀၊ ၀၉-၇၇၇၇၇၂၃၅၆၊ ၀၉-၇၉၈၁၀၇၆၁၁

Since 1985
ငြိမ်းတာနှာရှင်
ရွှေစက်တော်-မကွေး(၃/၄)ရက်
ရွှေစက်တော်-ပုဂံ၊ပုပ္ပါး(၅)ရက်
ရွှေစက်တော်-မုံရွာ၊ကသာ(၅)ရက်
တောင်ကြီး၊အင်းလေး၊ပင်းတယ(၅)ရက်
ထားဝယ်ရှင်ကိုရှင်မောင်းမကန်(၅)ရက်
ဖြတ်ပေါ်တင်စွန်းဘုရားပွဲတော်(၃)ရက်
ကျိုက်ထီးရိုး/ချောင်းသာ/ငွေစော
01-392704, 09 73017110
09785066657, 09785066657

DADDY (အထိ)
မော်တင်စွန်း
၂ညအိပ်/၃ရက် စရိတ်ငြိမ်း
Feb-24, Mar-3, 10, 17, 24, 31
Ph: 09 448001903

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အမျိုးမျိုးငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ရွှေပင့်ကူ
40000/-
40000/-
45000/-
Feb-24, Mar 3
09-450224339, 09-73130346

ATTOLLO အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ

| | |
|---|---|
| တောင်ငူ-သံတောင်-ဖိုးကျားဆင်စခန်း | MAR 1, 17 |
| ရေး-ကဗျာဝကမ်းခြေ | FEB 25, MAR 1, 11, 17 |
| ဘားအံ-ဆဒ္ဒန်ဂူ-ချစ်သူမြိုင် | FEB 25, MAR 1, 3, 17 |
| [illegible] | MAR 10, 17, 25 |
| [illegible] | MAR 10, 25 |
| [illegible] | MAR 25 |
| စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ | MAR 10, 24 |
| မန္တလေး-ပြင်ဦးလွင် | MAR 3, 17, 24 |
| ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး | MAR 3, 10, 24 |
| [illegible] | MAR 24 |
| [illegible] | MAR 24 |
| [illegible] | MAR 24 |
| [illegible] | MAR 24 |

Booking
01-389187, 09-32109138, 09-795418474




သင်္ကြန်အတွက် ခရီးသွားဖို့ စီစဉ်ပြီးပြီလား
K & H TRAVELS ရဲ့ လေးနှစ်ပြည့်အထိမ်းအမှတ်အနေဖြင့်
ပြည်ပခရီးစဉ်များနှင့် လေယာဉ်လက်မှတ်များကို K&H ရုံးတွင်
ဖေဖော်ဝါရီ ၁၄ရက် မှ ၂၈ရက်အတွင်း
လာရောက်ဝယ်ယူသူတိုင်းအား အထူးမေတ္တာလက်ဆောင်များကို ပေးနေပါပြီ။

K&H Travels ၏ ဝန်ဆောင်မှုများ
- လေယာဉ်လက်မှတ်( ပြည်တွင်းပြည်ပ)
- ခရီးစဉ်များ( ပြည်တွင်းပြည်ပ)
- Company Incentive Trip များနှင့် လေယာဉ်လက်မှတ် ဝန်ဆောင်မှု
- Car Rental နှင့် Hotel Booking ဝန်ဆောင်မှု





09 - 777 420 670 , 09 - 777 704 430
09 - 972719962 , 09 - 972719963
အမှတ် ၇၂၊ မြေညီထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်

အခမဲ့ Facebook,
Viber, BeeTalk နှင့် ဖုန်းခေါ်ဆိုခြင်း
ooredoo

*5050# ကို ခေါ်ဆိုပြီး ငွေဖြည့်ပါ။

| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
|---|---|---|
| ၁,၀၀၀ကျပ် – ၂,၉၉၉ကျပ် | 500 MB Facebook | ၃ ရက် |
| ၃,၀၀၀ကျပ် – ၉,၉၉၉ကျပ် | 100 MB Viber / BeeTalk | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | အူရီဒူး အချင်းချင်း မိနစ် ၅၀ ဖုန်းခေါ်ဆိုမှု | ၁၅ ရက် |



အခုပဲ *666# ကိုခေါ်ဆိုပြီး ဆင်းကတ်မှတ်ပုံတင်ကြပါစို့

ကြော်ငြာ

UNIQUE STAR TRAVELS & TOURS သင်္ကြန် Promotion ( ၅ )ဦး ဝယ်လျှင် ( ၁ )ဦး အခမဲ့

ဥရောပ (9) နိုင်ငံ Apr:10,12 ($ 4800)
အမေရိကား (East + West) Apr: 7,9 ($ 5160)
စင်ကာပူ Apr:11,12,14 ($ 835)
ဗန်ကောက်-ပတ္တရား Apr: 9,10,11,12,13 ($ 696/ 595)
ဥရောပ (6) နိုင်ငံ Apr:10,12 ($ 3600)
သြစတြေးလျ Apr:10,11,12,13 ($ 3120)
စင်ကာပူ-မလေးရှား Apr:11,12 ($ 1195)
ဘန်ကောက်-ဖူးခက်/ ချင်းမိုင် Apr: 12, 13 ($ 996 / 899)
ဂျပန် Apr:10,11,12,13 ($ 3600)
ဟိုချီမင်း-ဟာလောင်း Apr: 11,12 ($ 996)
စင်ကာပူ-မလေး-လန်ကာဝီ Apr:11,12 ($ 1315)
ဗန်ကောက်-ကမ္ဘောဒီးယား Apr: 12, 13 ($ 835)
ကိုရီးယား Apr:11,12 ($ 2160)
ဗီယက်နမ်- ဗန်ကောက် Apr: 12,13 ($ 1140)
စင်ကာပူ-ဘာလီ Apr:11,12 ($ 1950)
ဟောင်ကောင်၊မကာအို၊ကွမ်ကျိုး Apr: 11,13 ($ 1980)
စင်း-မလေး-ထိုင်း Apr:12,13 ($ 1500)
ဗီယက်နမ်-ကမ္ဘောဒီးယား Apr: 12,13 ($ 996)
စင်ကာပူ- ဗန်ကောက် Apr: 10,11,14 ($ 1140)
ပီကင်း-ရှန်ဟိုင်း Apr: 11,12, 13 ($ 2190)

ဗန်ကောက်၊ပတ္တရား (4 / 5 / 6) D Mar: 4, 11, 25 / Apr: 2 ($ 299 / 399 / 499)
ဗန်ကောက်၊ဖူးခက်/ ချင်းမိုင် (6)D Mar: 4, 11, 18, 25 ($ 790 / 690)
စင်ကာပူ/ စင်း-မလေး (4)D Feb: 25 / Mar : 11, 24 ($ 650 / 895)
ဟန်ကိုင်း-ဟာလောင်း (4)D Mar: 4, 11, 18, 26 ($ 490)
ဟိုချီမင်း-ဟန်ကိုင်း-ဟာလောင်း (6)D Feb: 25 / Mar: 4, 18, 25 ($ 690)
ဗီယက်နမ်-ကမ္ဘောဒီးယား (6)D Feb: 26 / Mar: 4, 18, 25 ($ 650)
ဗန်ကောက်-ဗီယက်နမ်-ကမ္ဘောဒီးယား Apr: 12, 13 ($ 1140)
မြေထဲပင်လယ် ($ 4080) / ဂရိ ($ 4450) / အီဂျစ် ($ 3600) Apr: 12, 13

(70/A),Kabaaye Pagoda Rd,Bahan Tsp.Ph: 01-708 353 ,705 723,09 514 8079,09 7310 9133, 09 7310 9144. No(126),42 St, 83-84 St,Mahar Aung Myay Tsp, Mandalay.099 7218 3333.

Find us on: facebook.

CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် April ခရီးစဉ်များ

စင်ကာပူ - ဘင်တန် (၅ည/၆ရက်) (12 - 17 / 14 - 19) (USD 1300)
ဘာလီ (၅ည/၆ရက်) (13 - 18) (USD 1420)
ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (၇ည/၈ရက်) (13 - 20) (USD 2370)
ထိုင်ဝမ် (၇ည/၈ရက်) (13 - 20) (USD 1680)
ရှန်ဟိုင်း - ရှီးအန်း - ပေကျင်း (၈ည/၉ရက်) (14 - 22) (USD 1880)
ကိုရီးယား (၈ည/၉ရက်) (11 - 19 / 12 - 20) (USD 2200)
ဂျပန် (၈ည/၉ရက်) (12 - 20) (USD 3300)
သြစတြေးလျ (၉ည/၁၀ရက်) (9 - 18) (USD 4500)
ဥရောပ (၁၅ည/၁၆ရက်) (10 - 25) (USD 5000)
အမေရိကား (၁၅ည/၁၆ရက်) (8 - 23) (USD 6850)
ဟောင်ကောင် - မကာအို - ကျူးဟိုင် - ကွမ်ကျိုး - စန်းကျန့် (၇ည/၈ရက်) (12 - 19) (USD 1720)

CitiAvenue Travels & Tours

CitiAvenue ၏ Quality ကိုယုံကြည်သော ဧည့်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။

အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 09-25090 1188 / 1199 09-7800770 10/20/30 01-707663

SGS Certificate TH09/3125

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်

စိတ်ဖိစီးမှုလျော့ပါးစေရန်၊ အီးကောင်းစေရန်၊ ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။

SGS UKAS Certificate TH06/3966.02



ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.




အမြင်ကြည်ဖို့ဆိုရင် EYE Plus® လိုတယ်...




1 မျက်လုံးအားစိုက်ရခြင်း (Computer, Smart Phone၊ စာဖတ်များသူများ နှင့် စာမေးပွဲအတွက်ပြင်ဆင်နေသူများ)
2 အမြင်အာရုံကျဆင်းခြင်း၊ ဝေဝါးခြင်း
3 မျက်ကြည်လွှာ ရောင်ရမ်းခြင်း
4 မျက်လုံးခြောက်သွေ့ကျိန်းစပ်ခြင်း တို့အတွက် အထူးသင့်တော်သည်၊

ဆေးလုံး (၆၀) ပါသည်။

Manufactured by KOREA UNITED PHARM.INT'L JSC Tel : 01-203103,0997711546 (YGN), 092037314,091012541 (MDY)

" အမြန်ရောင်းမည် " (ပွဲစားမလို)

| | | | |
|---|---|---|---|
| ၁။ဗဟန်း၊ရွှေတောင်ကြား | (6000Sqft) | မြေ | 22000L |
| ၂။ဝေဇယန္တာဥယျာဉ် | (92x70) | မြေ၊ ၂ထပ် | 12950L |
| ၃။ရန်ကင်း၊ဘောက်ထော် | (50x100) | မြေ | 9900L |
| ၄။မရမ်းကုန်းသာယာအိမ်ရာ | (65x50) | မြေ | 5850L |
| ၅။မရမ်းကုန်းရွှေနှင်းဆီလမ်း | (26x125) | မြေ | 3400L |
| ၆။သာယာ၊ရတနာလမ်းနီး | (50x63) | မြေ | 2950L |
| ၇။တာမွေ၊မေတ္တာညွန့် | (30x60) | မြေ | 1900L |

01 510600, 09 5173690, 09 5040160, 09 5185534

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သာခေါ်ခီး၊ ဓလအောက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားခီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်း ရှိသည်၊ မီးပျက်လျှင်မီးစက်မောင်းသည်၊
(၁၃၉) ဗိုလ်ချုပ်(၁)လမ်း၊ စည်းဝေးလရပ်ကွက်၊ ဒလမြို့နယ်၊
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၃၃၃
၁၁၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

ဒဂုံမြို့သစ် ဘုရင့်နောင်၊ အိမ်ခြံမြေ ရောင်းမည် ...
09-6809893
09-5120620

21 AD @ BILLBOARD ADVERTISING

KING MAKER

☎ 377093 ☎ 240563 09 73043672 09 73200189 09 73200201
www.21advertising.net

# (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပထမအကြိမ်လူရွေးချယ်ပွဲနှင့် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပထမအကြိမ်လူရွေးချယ်ပွဲနှင့် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ပြုလုပ်သည်။**

စာမျက်နှာ ၈ ကော်လံ ၃ သို့

## AFC Cup ပြိုင်ပွဲ ပွဲကြိုသတင်းစာရှင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

AFC Cup ပြိုင်ပွဲ အုပ်စု (H)ပထမပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာကလပ် ရတနာပုံအသင်းနှင့် စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းတို့၏ ပွဲကြို သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၁ နာရီက မန္တလေးမြို့ ရှိ ရွှေရဲမွန်ဟိုတယ်၌ ကျင်းပသည်။

ရတနာပုံအသင်းနည်းပြချုပ် ရီးနောက "ကျွန်တော်တို့အနေနဲ့ ဒီရာသီမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲမှာ စတင်ယှဉ်ပြိုင်ခဲ့ရတာပါ။ ထိုင်းကလပ်ဆူခို ထိုင်းကိုရှုံးပြီး ခြေစစ်ပွဲအဆင့်ကနေ ထွက်ခဲ့ရလို့ AFC Cupပြိုင်ပွဲမှာ ဆက်လက်



ယှဉ်ပြိုင်ရတာပါ။ ဒီပွဲက အတွေ့အကြုံတွေ၊ လိုအပ်ချက်တွေကို ကြည့်ပြီး ပြန်ပြင်ဆင်သွားမှာပါ။ ကျွန်တော်တို့အသင်းပါဝင်တဲ့ အုပ်စု (H)မှာ ရတနာပုံအသင်းက အားအနည်းဆုံးလို့ ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့အသင်းမှာ နိုင်ငံခြားသားကစားသမား တစ်ဦးပဲပါပါတယ်။ ဒါပေမဲ့ ပြိုင်ဘက်အသင်းတွေကို ကြောက်ရွံ့နေမှာမဟုတ်ပါဘူး။ ကစားသမားတွေအပေါ်မှာ ယုံကြည်မှုအပြည့်ရှိပါတယ်။ နောက်တစ်ဆင့်တက်နိုင်အောင် ကြိုးစားသွားမှာပါ။

**စာမျက်နှာ ၈ ကော်လံ ၃ သို့**



မြန်မာနှင့်ထိုင်းအမျိုးသမီးအသင်းတို့ ၂၀၁၆ ခုနှစ်က မန္တလေးမြို့၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားနေစဉ်။

## မြန်မာနှင့်ထိုင်းအမျိုးသမီးအသင်း ခြေစမ်းပွဲ နှစ်ပွဲကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် မတ်လ ပထမပတ်တွင် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

စာမျက်နှာ ၈ ကော်လံ ၄ သို့